Natural Resource Governance Institute

# ၂၀၁၇ ခုနှစ် သယံဇာတ စီမံအုပ်ချုပ်မှု အညွှန်းကိန်း

© 2017 Natural Resource Governance Institute

# ၂၀၁၇ ခုနှစ် သယံဇာတ စီမံအုပ်ချုပ်မှု အညွှန်းကိန်း

Natural Resource Governance Institute

# အမှာ

ရေနံ၊ ဓာတ်ငွေ့နှင့် သတ္တုတွင်းကဏ္ဍများကို ပိုင်ပိုင်နိုင်နိုင်စီမံနိုင်ရန်မှာ လွယ်ကူသည့် ကိစ္စမဟုတ်ပါ။ အထူးသဖြင့် ဝင်ငွေနည်း၊ ဝင်ငွေ အလယ်အလတ်နိုင်ငံများအဖို့ မှာပို၍ခက်ခဲသည်။ သို့သော်လည်း သယံဇာတစီမံအုပ်ချုပ်မှု အညွှန်းကိန်း (Resource Governance Index) ဖော်ပြချက်များကိုကြည့်ပါက ယင်းကိစ္စသည် ဖြေရှင်းမရနိုင်အောင် ခက်ခဲသည်ပြဿနာတော့ မဟုတ်ပါ။ အဆင့်သတ်မှတ်ချက်များကို လေ့လာကြည့်မည်ဆိုပါက ပုံသေသတ်မှတ်ချက်များ၊ အဆိုးမြင်မှုများကို ဖော်ထွက် ကျော်ဖြတ်လာသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ ကို တွေ့မြင်ရမည်ဖြစ်သည်။ မူဝါဒဆိုင်ရာတွင်လည်းကောင်း၊ အဖုံဖုံသောကဏ္ဍများတွင် လည်းကောင်း တိုးတက်မှုများရှိလာပြီ နိုင်ငံတိုးတက်ရေးအတွက် သဘာဝသယံဇာတများကို တော်တည့်မှန်ကန်သည့်နည်းလမ်း များဖြင့်အသုံးချလာနိုင်ကြသည်။ သို့သော်လည်းနိုင်ငံအားလုံးသည် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိလာသည်တော့ မဟုတ်ပါ။ အချို့သောအားလုံးသည် သဘာဝသယံဇာတများ နည်းမှန်လမ်းမှန်အသုံးပြုနေရာမှ လမ်းကြောင်းလွဲသွားသည် များကိုလည်း လတ်တလောနှစ်များတွင် တွေ့မြင်ရမည်ဖြစ်သည်။ ချမ်းသာသည်နိုင်ငံဖြစ်စေ၊ ဆင်းရဲသည်နိုင်ငံတွင်ဖြစ်စေ တလွဲစီမံမှုများနှင့် အကျင့်ပျက်လာဘ်စားမှုများရှိ နိုင်သည်။ ယင်းရောဂါဆိုးအကျင့်ဆိုးများကို အမြစ်ပြတ်ချေမှုန်းရန်မှာမဖြစ်နိုင်ပါ။ သို့သော်လည်း နိုင်ငံသားများ၊ သတင်းစာဆရာများ၊ ဥပဒေပြုအမတ်များ၊ နိုင်ငံရေးသမားများ၊ ကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ပညာရှင်များ၏ကြိုးစားအားထုတ်မှုဖြင့် လျော့ပါးသွားအောင် ကြိုကြိုတင်တင်ဆောင်ရွက်နိုင်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန် Natural Resource Governance Institute မှ စနစ်တကျပြုစုထားသည် အချက်အလက်များသည် များစွာအသုံးတည့်မည် ဖြစ်သည်။

သဘာဝသယံဇာတ စီမံမှုများပိုမိုတိုးတက်လာရေးအတွက် အားထုတ်ရာတွင် အထောက်အကူဖြစ်စေရန် သက်သေခံဖြစ်ရပ်များ၊ စာရွက်စာတမ်းများ ခိုင်ခိုင်မာမာတင်ပြနိုင်ရေးအတွက် NRGI မှ ဝန်ထမ်းများသည် အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ကြပါသည်။ သယံဇာတစီမံအုပ်ချုပ်မှု အညွှန်းကိန်းတွင် ဖော်ပြထားသည့် အချက်အလက်များသည် သယံဇာတထုတ်လုပ်သည်နိုင်ငံများ၏ စီးပွားတိုးတက်မှု၊ လူနေမှုဘဝတရားမျှတမှု များပေါ်ပေါက်လာရေး ကြိုးပမ်းမှုများတွင် အထောက်အပံ့ဖြစ်စေမည်ဟု မျှော်လင့်ပါသည်။

Ernesto Zedillo Ponce de León
နိုင်ငံတကာစီးပွားရေးနှင့် နိုင်ငံရေးပါမောက္ခ၊ ယေးလ်တက္ကသိုလ်
မက္ကဆီကို သမ္မတဟောင်း
Natural Resource Governance Institute
ဒါရိုက်တာ ဘုတ်အဖွဲ့သဘာပတိ

# မိတ်ဆက်

ရေနံ၊ဓာတ်ငွေ့နှင့် တွင်းထွက်များတူးဖော်ခြင်းသည် နိုင်ငံရေးလူမှုရေး စီးပွားရေးအရ အရှုပ်ထွေးဆုံးကိစ္စဖြစ်သည်။ ကမ္ဘာနှင့်ချီ ဆောင်ရွက်ရသည့် ကိစ္စ၊ စွမ်းအင်လိုအပ်မှု၊ ကုန်ကြမ်းလိုအပ်မှုများကို ဖြည့်ဆည်းပေးသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သကဲ့သို့ ထုတ်လုပ်သမျှသော ရုပ်ထည်ရှိသည့်ထုတ်ကုန်အားလုံးတွင်သွင်းအားစုအဖြစ်ပါဝင်နေသည်။ လူသားသမိုင်းတွင် အရေးပါဆုံးသော စိန်ခေါ်မှုဖြစ်သည့် ရာသီဥတုပြောင်းလဲခြင်းပေါ်တွင်လည်း သက်ရောက်မှုများရှိသည်။ ဘဏ္ဍာရေးအရ ထရီလီယံနှင့်ချီသော ဒေါ်လာများကို ဖြစ်ထွန်းစေသည်။ ယင်းဒေါ်လာအများအပြားသည် သယံဇာတတူးဖော်ရရှိသည် နိုင်ငံအများစုမှ ဆင်းရဲမွဲတေမှုများနှင့် လားလားမှမဆိုင်သကဲ့သို့ဖြစ်နေသည်။ ယခုအဆင့်သတ်မှတ်ချက်တွင် ပါဝင်သည့်နိုင်ငံများမှ နိုင်ငံသားပေါင်း ၁.၈ ဘီလီယံသည် ဆင်းရဲမွဲတေလျက်ရှိသည်။ [၁]

ဆိုးရွာနေသည် အခြေအနေကိုပြောင်းလဲနိုင်ရန်အတွက် စီမံအုပ်ချုပ်မှုအပိုင်းတွင် အပြောင်းအလဲများပြုလုပ်ရန် လိုအပ်နေသည်ကို လက်တွေ့မြေပြင်ဖြစ်ရပ်များက ရှင်းလင်းစွာသက်သေပြနေကြသည်။ နိုင်ငံသားများ၊ ရပ်ရွာများနှင့်သက်ရှိများကို သက်ရောက်မှုများရှိမည့် ဆုံးဖြတ်ချက်ချသည်နေရာများတွင် ရှိနေသည့် ကုမ္ပဏီအရာရှိများနှင့် အစိုးရအရာရှိများ၊ ၄င်းတို့ဆောင်ရွက်သမျှလုပ်ငန်းများကို လမ်းညွှန်ပေးသည် ဌာနစုဖွဲ့မှု ယန္တယားများ၊ နည်းဥပဒေများ၊ လက်တွေ့ဆောင်ရွက်မှုများကို ပြောင်းလဲရန်လိုအပ်နေသည်။

အုပ်ချုပ်စီမံမှုအပိုင်းကို ပြုပြင်မြှင့်တင်မည်ဆိုပါက မည်သည့်နည်းက အလုပ်ဖြစ်သည်၊ မည်သည့်နည်းက အလုပ်မဖြစ်သည်ကို အသေးစိတ်ဖော်ထုတ်ရန်လိုသည်။ ယင်းသို့ဖော်ထုတ်နိုင်ရန် တိုင်းတာမှုအထိန်းအကွပ်များ လိုအပ်သည်။ သယံဇာတစီမံအုပ်ချုပ် မှုအညွှန်းကိန်း (Resource Governance Index) သည်ကမ္ဘာ့ရေနံ ၈၂ ရာခိုင်နှုန်း၊ ဓာတ်ငွေ့ ၇၈ ရာခိုင်နှုန်းနှင့်ကြေးနီ ၇၂ ရာခိုင်နှုန်းကို ထုတ်လုပ်လျက်ရှိသော နိုင်ငံပေါင်း ၈၁ နိုင်ငံမှ သဘာဝသယံဇာတ စီမံမှုအရည်အသွေးများကိုဆန်းစစ်ထားသည်။ [၂] အဆင့်သတ်မှတ်ချက်ကိုသဘာဝသယံဇာတကျင့်ထုံး (Natural Resource Charter) ပေါ်တွင် အခြေခံပြုစုထားသည်။ အဆင့်သတ်မှတ်ချက်၊ ကျင့်ထုံးများသည် NRGI ဝန်ထမ်းများနှင့်၊ ပြင်ပမှပညာရှင်များ၊ လုပ်ငန်းခွင်တွင်းအတွေ့အကြုံရှိသူတို့၏ စုပေါင်းအားထုတ်မှုဖြစ်သည်။

အဆင့်သတ်မှတ်ချက်ကို ၈၉ နိုင်ငံတွင် နိုင်ငံအဆင့်ဆန်းစစ်မှုရလဒ်များဖြင့် ပုံဖော်ထားခြင်း ဖြစ်သည်။ (နိုင်ငံ ၈ ခုတွင် ရေနံနှင့်ဓာတ်ငွေ့၊ သတ္တုတွင်းကဏ္ဍနှစ်ခုလုံးကို လေ့လာခဲ့သည်) မေးခွန်းပေါင်း ၁၄၉ ခု ပါဝင်သည့် မူဘောင်ကို အသုံးပြုပြီး သုတေသီ ၁၅၀ ဦးမှ အထောက်အကူပြုစာရွက်စာတမ်းပေါင်း ၁၀၀၀၀ ကျော်ကို ကိုးကားလျက်အဆင့်သတ်မှတ်ချက်များကို ဖော်ထုတ်ပြုစု ထားခြင်းဖြစ်သည်။ သုတေသီများသည် တူးဖော်ရေးကဏ္ဍ အသေးစိတ်ဆန်းစစ်ချက်များကို ရှိနှင့်ပြီးသော အချက်အလက်များ၊ အခြားရင်းမြစ်မှ အချက်အလက်များ၊ နိုင်ငံအတွင်းရှိ အခြားအချက်အလက်များနှင့် ပေါင်းစပ်လေ့လာသည်။ ယခုစာတမ်းတွင် ဖော်ပြထားသည့် တွေ့ရှိချက်များသည် အချက်အလက်အများအပြားအနက်မှကောက်နှုတ်ဖော်ပြချက်သာဖြစ်ပြီး နိုင်ငံအလိုက်သတ်မှတ်ချက်များကို www.resourcegovernanceindex.org တွင်လေ့လာနိုင်သည်။


သယံဇာတစီမံအုပ်ချုပ်မှုအညွှန်းကိန်းက မည်သည့်ကိစ္စများကို ညွှန်ပြနေပါသနည်း။ အချက်အလက်များအရအစိုးရများ၊ အကျိုးဆောင်များ၊ နိုင်ငံတကာအသိုင်းအဝိုင်းများ၏ ပံ့ပိုးမှုများ ကြီးကြီးမားမားရှိနေသည့်တိုင် နိုင်ငံအများစုတွင် သယံဇာတများ စီမံကိုင်တွယ်မှုသည် အခက်အခဲကြီးတစ်ခုအနေဖြင့် ရှိနေဆဲဖြစ်သည်။ ဆန်းစစ်ခဲ့သမျှသောနိုင်ငံအားလုံးတွင် အုပ်ချုပ်စီမံမှုအပိုင်း၏ အရေးကြီးသည့်နေရာတစ်ခုကို အနည်းဆုံးအနေဖြင့် တိုးတက်အောင်ဆောင်ရွက်နိုင်သည့် အခြေအနေတွင်ရှိပြီး၊ နိုင်ငံအများစုအနေဖြင့် ကိစ္စအတော်များများတွင် တိုးတက်မှုများပြုလုပ်ရန် ပြင်ဆင်မှုများရှိနေသည်။ တချိန်တည်းမှာပင် ပြုပြင် ပြောင်းလဲရေးသမားများအနေဖြင့် အောင်မြင်မှုများကြီးကြီးမားမားရရှိထားသည်။ အဆင့်သတ်မှတ်ချက်ကို လေ့လာကြည့်မည်ဆိုပါက နိုင်ငံအများစု၊ အခက်အခဲများအကြီးအကျယ်ရှိနေသည့် နိုင်ငံအချို့တွင်ပင်နည်းဥပဒေများ၊ လုပ်ငန်းဆောင်ရွက်ပုံများနှင့်ပတ်သက်ပြီး ပြုပြင်မှုများပြုလုပ်ခဲ့သည်ကို တွေ့နိုင်သည်။ ထိုကဲ့သို့ ပြုပြင်ပြောင်းလဲမှုကြောင့် စီမံကွပ်ကဲမှုအပိုင်းတိုးတက်လာစေရန် အတုယူလေ့လာစရာများ ဝေးဝေးလံလံ ရှာဖွေရန်မလိုတော့ပါ။ ဒေသတိုင်း၊ နေရာတိုင်းတွင် ဆန်းသစ်သည့် နည်းလမ်းများ အသုံးပြုလျက် တိုးတက်ဖြစ်ထွန်းနေသည့် နိုင်ငံအများအပြားများရှိလာသည်။ မြေပြင်သက်သေအထောက်အထားများအရ လက်တွေ့လုပ်ငန်းဆောင်ရွက်ပုံ တိုးတက်ရေးထက် နည်းဥပဒေများပြဋ္ဌာန်းခြင်းတွင် တိုးတက်မှုများဖြစ် ထွန်းနေသည်ကို တွေ့ရှိနိုင်သည်။ တိုးတက်ကောင်းမွန်သည့် စီမံကိုင်တွယ်မှုစနစ်ကို လိုလားသူများအနေဖြင့် တည်ဆဲဥပဒေမူဘောင်များ လက်တွေ့အကောင်အထည်ဖော်ခြင်း ကိစ္စကို ပို၍အာရုံစိုက်သင့်သည်။ နိုင်ငံသားများ အခွင့်အရေးကို အကာအကွယ်ပေးထားသည့် နိုင်ငံ၊ လာဘ်စားမှုလျော့ချနိုင်သည့် နိုင်ငံများတွင် သယံဇာတစီမံကိုင်တွယ်မှု တိုးတက်မှုရှိသည်ကိုလည်း တွေ့ရှိရသည်။

သယံဇာတကြွယ်ဝသည့် နိုင်ငံများတွင် အားလုံးပါဝင်သည့်ဖွံ့ဖြိုးမှု၏ အရေးပါမှုကို အခြေခံလျက် နိုင်ငံတကာအဆင့်တွင်လည်း ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန်ဂျီ ၇ နိုင်ငံများ၊နိုင်ငံတကာကုမ္ပဏီများ၊နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများကလည်း တိုက်တွန်းမှုများ ပြုလုပ်လာကြသည်။ စီးပွားရေးဆိုင်ရာ အသွင်ပြောင်းမှုများပြုလုပ်နိုင်ရန်၊ စီးပွားမျိုးစုံပွင့်လန်းရန်၊ သဘာဝပတ်ဝန်းကျင်ကို ထိရောက်စွာကာကွယ်နိုင်ရန်၊ တူးဖော်မှုမှ နိုင်ငံသားများကိုထိရောက်စွာအကျိုးပြုနိုင်ရန်အတွက်ကြိုးစားနေသည့် တူးဖော် ထုတ်လုပ်မှုလုပ်ငန်းများရှိသည့် နိုင်ငံများအတွက်ဆောင်ရွက်ရမည့်ကိစ္စရပ် အများအပြား ကျန်ရှိနေဆဲဖြစ်သည်။


ဦးစားပေးကိစ္စများ၊ နည်းလမ်းရွေးချယ်မှုများမှာ နိုင်ငံအလိုက်၊ လူပုဂ္ဂိုလ်လိုက်ပြီး ကွဲပြားမှုများရှိနေမည်ဖြစ်သောကြောင့် လူထုကို အသိပေးပြီး၊ အားလုံးပါဝင်သည့်ဆွေးနွေးမှုများ ပြုလုပ်ရန်မှာ မဖြစ်မနေဆောင်ရွက်ရမည့်ကိစ္စ ဖြစ်သည်။ ယင်းဆွေးနွေးမှုများ ပြုလုပ်သည့်အခါတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာကိစ္စများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ယခုအဆင့် သတ်မှတ်ချက်တွင် ဖော်ပြထားသည့် သက်သေအထောက်အထားများသည် ယင်းကဲ့သို့သော ဆွေးနွေးမှုများတွင် အသုံးတည့်နိုင်မည်ဖြစ်ပြီးဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်း အကိုးအကားဖြစ်စေမည်ဟုယုံကြည်ပါသည်။

Daniel Kaufmann
ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်
Natural Resource Governance Institute

# သဘာဝသယံဇာတစီမံအုပ်ချုပ်မှု နိုင်ငံအလိုက်ရမှတ်များနှင့် အဆင့်သတ်မှတ်ချက်များ




| | | |
|---|---|---|
| ကောင်း | ≥ ၇၅ | ဆိုးကျိုးအချို့ရှိနိုင်သော်လည်း သဘာဝသယံဇာတများတူးဖော်ခြင်းကြောင့် နိုင်ငံသားများကို အကျိုးဖြစ်ထွန်းစေမည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ဖော်ထုတ်အသုံးချနိုင်သည့် နိုင်ငံဖြစ်သည်။ |
| သင့် | ၆၀–၇၄ | ခိုင်မာသည့် စီမံမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ဆောင်ရွက်ချက်အချို့ရှိသော်လည်း အချို့အပိုင်းတွင် ပြုပြင်ရန် လိုအပ်နေသေးသည့်နိုင်ငံဖြစ်သည်။ သယံဇာတတူးဖော်ခြင်းဖြင့် နိုင်ငံသားများကို အကျိုးဖြစ်ထွန်းစေမည်မှာ ယုတ္တိတန်ပြီး ဖြစ်နိုင်ချေရှိသော် လည်းလူ့ဘောင်အသိုင်းအဝိုင်းကိုထိခိုက်မှုများရှိနိုင်သည်။ |
| ညံ့ | ၄၅–၅၉ | စီမံမှုပိုင်းတွင် ပြဿနာများနှင့်အားသာချက်များ ရောထွေးနေသည့် နိုင်ငံဖြစ်သည်။ ရလဒ်များအရ သယံဇာတတူးဖော်ခြင်းသည် လူ့ဘောင်အသိုင်းအဝိုင်းကို အကျိုးပြုမည်ဖြစ်သော်လည်း အဆုံးသတ်ရလဒ်တွင် အားနည်း နိုင်သည်။ |
| အလွန်ညံ့ | ၃၀–၄၄ | သယံဇာတများ ကိုင်တွယ်စီမံရန် လုပ်ထုံးလုပ်ငန်းများ၊ ဆောင်ရွက်ပုံများရှိသည်ဆိုရုံသာရှိသည့်နိုင်ငံဖြစ်သည်။ နိုင်ငံသားများကို အကျိုးပြုရန်အမှန်တကယ်လိုအပ်သည့်ကိစ္စရပ်များကို ပြင်ဆင်ဆောင်ရွက်ထားခြင်းမရှိပါ။ |
| ကျရှုံး | < ၃၀ | သယံဇာတတူးဖော်ခြင်းဖြင့် နိုင်ငံသားများကိုအကျိုးပြုရန် စီမံကိုင်တွယ်မှုဆိုင်ရာ မူဘောင်ချမှတ်ထားခြင်းမရှိသည့် နိုင်ငံဖြစ်သည်။ ကုမ္ပဏီအချို့နှင့် အခွင့်ထူးခံများသာ အကျိုးဖြစ်ထွန်းခံစားရန် အလားအလာများသည်။ |




# ၂၀၁၇ ခုနှစ် သယံဇာတစီမံအုပ်ချုပ်မှုအညွှန်းကိန်း ဖော်ထုတ်သတ်မှတ်ပုံ လုပ်ငန်းအဆင့်ဆင့်


၁. မေးခွန်းပေါင်း ၁၄၉ ခုပါဝင်သည့် မေးခွန်းစုကြီးကို ပြုစုသည်။




၂. နိုင်ငံပေါင်း ၈၁ နိုင်ငံမှ ကျွမ်းကျင်သူပေါင်း ၁၅၀ ဦးပါဝင်လျက် သုတေသနပြုလုပ်သည်။ အချက်အလက် စုဆောင်းသည်။ အဖြေများထည့်သွင်းသည်။



၃. စုဆောင်းရရှိလာသည့်အချက် အလက်များကို NRGI မှ ပြန်လည်စစ်ဆေးသည်။




၄. သယံဇာတစီမံအုပ်ချုပ်မှုအညွှန်းကိန်း အဓိကအကဲဖြတ်သည့် အဓိကကျသည့် ခေါင်းစဉ် ၂ ခုဖြစ်သော တန်ဖိုးသတ်မှတ်ခြင်း (value realization) နှင့်ဝင်ငွေစီမံမှု (revenue management) ရမှတ်များသတ်မှတ်နိုင်ရန် ရလာသည့် အချက်အလက်များ ကိုသုံးသပ်ပြုစုသည်။




၅. လုပ်ငန်းအဆင်ပြေဆောင်ရွက်နိုင်မှု (enabling environment) အခြေအနေကို သုံးသပ်နိုင်ရန်အတွက် လုပ်ငန်းဌာနစီမံမှု (institutional governance) နှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ အချက်အလက်များကို ဆက်လက်စုဆောင်းသည်။



၆. တိုက်ရိုက်စုဆောင်းထားသည့် အချက်အလက်များ၊ တဆင့်ခံ စုစည်းရရှိသည့် အချက်အလက်များ ပေါ်အခြေခံပြီး အဆင့်သတ်မှတ်ချက် များကို တွက်ချက်ဖော်ထုတ်သည်။



၇. ရလဒ်များကို သုံးသပ်ပြီး အဓိကတွေ့ရှိချက်များ ဖော်ထုတ်သည်။





၈. အဆင့်သတ်မှတ်ချက်များကို အများပြည်သူ သိရှိစေရန် ထုတ်ဝေဖြန့်ချီပြီး အဓိကစတိတ် ဟိုဒါများအတွက် အကြံပြုချက်များကို စုစည်းတင်ပြသည်။



၉. နိုင်ငံသားများနှင့် ရင်းနှီးမြုပ်နှံသူ များအကျိုးအတွက် သယံဇာတ စီမံမှုအပိုင်းတွင် ပြုပြင်ရန်လိုအပ် သည် များပြုလုပ်နိုင်ရန် အစိုးရ များ၊ အရပ်ဘက်လူ့အဖွဲ့အစည်း များ၊ သတင်းစာဆရာများနှင့် ကုမ္ပဏီများသည် တွေ့ရှိချက် များကို အသုံးပြုသည်။


## အညွှန်းကိန်းတွင် မည်သည့်အရာများကို အကဲဖြတ်သနည်း။

နိုင်ငံရှိရေနံ၊ ဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများ စီမံကြီးကြပ်ရန်အတွက် အာဏာပိုင်များအသုံးပြုသည့် မူဝါဒများ၊ လုပ်ငန်းဆောင်ရွက်ပုံများကို လေ့လာတိုင်းတာသည်။ ဆန်းစစ်မှုတစ်ခုခြင်းစီတိုင်းကို စုပေါင်းရမှတ် (composite score) ဖြင့်အဖြေထုတ်ပေးသည်။ နိုင်ငံအများစုတွင် ရေနံနှင့်ဓာတ်ငွေ့ကဏ္ဍ သို့မဟုတ် တွင်းထွက်ကဏ္ဍအနက်မှ ကဏ္ဍတစ်ခုကို ဆန်းစစ်သည်။ နိုင်ငံပေါင်း ၈ နိုင်ငံတွင်မူ ကဏ္ဍ ၂ ခုလုံးကို ဆန်းစစ်သည်။

ဆန်းစစ်မှုတခုခြင်းစီတိုင်းအတွက် ခေါင်းစဉ်သုံးခု တိုင်းတာချက်ရမှတ်များကို အခြေခံကာစုပေါင်း အမှတ်တွက်ချက် ဖော်ထုတ်ပြီး အဆင့်သတ်မှတ်သည်။ ခေါင်းစဉ် ၂ ခုသည် မေးခွန်းစု၏အဖြေများပေါ်တွင် သုတေသနပညာရှင်များ၏ အသေးစိတ်ဆန်းစစ်မှုပေါ်တွင် အခြေခံခြင်းဖြစ်ပြီး၊ နိုင်ငံ၏တူးဖော်ရေးလုပ်ငန်းများစီမံပုံကို တိုက်ရိုက်တိုင်းတာသည်။ ပထမခေါင်းစဉ်ဖြစ်သော တန်ဖိုးသတ်မှတ်ခြင်း (value realization) တွင်မူ တူးဖော်ခွင့်ချထားပေးမှု၊ တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း၊ သဘာဝဝန်းကျင်ကာကွယ်ထိန်းသိမ်းခြင်း၊ အခွန်အခကောက်ယူခြင်း၊ နိုင်ငံပိုင်လုပ်ငန်းများစီမံမှု အစရှိသည့်ကိစ္စရပ်များပါဝင်သည်။ ဒုတိယခေါင်းစဉ်ဖြစ်သော ဝင်ငွေစီမံမှုတွင် နိုင်ငံအဆင့်ရသုံးစရိတ်၊ သယံဇာတဝင်ငွေခွဲဝေမှု၊ သယံဇာတရန်ပုံငွေထားရှိမှု အစရှိသောကိစ္စများပါဝင်သည်။ အဆင့်သတ်မှတ်ချက်၏ တတိယခေါင်းစဉ်သည် နိုင်ငံ၏လုပ်သာကိုင်သာရှိသော အခြေအနေ၊ လုပ်ငန်းအဆင်ပြေစွာဆောင်ရွက်နိုင်သည့် အခြေအနေကို တိုင်းတာသည်။ စီမံကိုင်တွယ်မှု နယ်ပယ်တစ်ခုလုံးကို ကျယ်ပြန့်စွာလေ့လာနိုင်ရန် ယခင်က လေ့လာဖော်ထုတ်ထားသည့် သုတေသနများကိုလည်း ထည့်သွင်းအသုံးပြုနိုင်သည်။ [၃]

ခေါင်းစဉ် ၃ ခုအောက်ရှိ မူဝါဒဆိုင်ရာခေါင်းစဉ်ခွဲများ၏ ရမှတ်များပေါ် အခြေခံပြီး ခေါင်းစဉ် ၃ ခု၏ရမှတ်များကို တွက်ချက်ဖော်ထုတ်သည်။ တန်ဖိုးသတ်မှတ်ခြင်းနှင့်ဝင်ငွေစီမံမှုခေါင်းစဉ်အောက်မှခေါင်းစဉ်ခွဲများသည် စီမံမှုအပိုင်းကို အဓိကထားပြီ NRGI ၏ သဘာဝသယံဇာတကျင့်ထုံး (Natural Resource Charter) ပါ ကျင့်ထုံးတစ်ခုဖြစ်သော မူဘောင်ချမှတ်ခြင်းနှင့် ဆက်စပ်လျက်ရှိသည်။ သယံဇာတများဖြင့် လူမှုဘဝဖူလုံအောင် ဆောင်ရွက်နိုင်ရန် အစိုးရများနှင့် လူဘောင်အသိုင်းအဝိုင်းများအနေဖြင့် အချိတ်အဆက်မိစွာ ချမှတ်ရမည့် ဆုံးဖြတ်ချက်များကိုဖော်ထုတ်မည့် အသေးစိတ်လေ့လာနည်း၊ အားနည်းချက်များဖော်ထုတ်မည့် နည်းလမ်းများပါဝင်သည့်မူဘောင်ဖြစ်သည်။ အဆင့်တစ်ခုတိုင်းအတွက် ရမှတ် ၁၀၀ ပေါ်တွင် အခြေခံကာ အဆင့်သတ်မှတ်သည်။ အသုံးပြုသူများအနေဖြင့် စုပေါင်းရမှတ်၊ ခေါင်းစဉ်အလိုက်၊ ခေါင်းစဉ်ခွဲအလိုက်ရမှတ်များကို နိုင်ငံအလိုက်ကြည့်ရှုနိုင်သည်။

အမှတ်ပေးပုံစံ အသုံးပြုခြင်းဖြစ်သောကြောင့် အဆင့်သတ်မှတ်ချက်ရမှတ်များတွင် ချွတ်ချော်မှု အနည်းငယ်ရှိနိုင်သည်။ ရမှတ်များအနည်းငယ်ကွာခြားမှုပေါ်အခြေခံပြီးအဆုံး သတ်မှတ်ချက်ချရန်မှာ လက်တွေ့အားဖြင့် နည်းလမ်းမကျလှပါ။ ထို့ကြောင့် ရလဒ်များကို ရမှတ်အလိုက်မဟုတ်ပဲ ကောင်း၊ သင့်၊ အလွန်ညံ့၊ ကျရှုံး ဟူ၍စွမ်းဆောင်မှုအခြေပြုကာ အုပ်စုခွဲသတ်မှတ်သည်။




စုစုပေါင်းအဆင့်သတ်မှတ်ချက် | ခေါင်းစဉ်အလိုက်ရမှတ် | ခေါင်းစဉ်ခွဲအလိုက်ရမှတ်

# သဘာဝသယံဇာတစီမံအုပ်ချုပ်မှု စုစုပေါင်းရမှတ်နှင့် ခေါင်းစဉ်အလိုက်ရမှတ်များ

| အဆင့်သတ်မှတ်ချက် | နိုင်ငံ | ဆန်းစစ်သည့်ကဏ္ဍ | စုစုပေါင်းရမှတ် | တန်ဖိုးသတ်မှတ်မှုရမှတ် | ဝင်ငွေစီမံမှုရမှတ် | လုပ်ငန်းအဆင်ပြေစွာဆောင်ရွက်နိုင်မှုရမှတ် |
|---|---|---|---|---|---|---|
| ၁ | နော်ဝေ | 💧 | ၈၆ | ၇၇ | ၈၄ | ၉၇ |
| ၂ | ချီလီ | 🛒 | ၈၁ | ၇၄ | ၈၁ | ၉၀ |
| ၃ | ဗြိတိန် | 💧 | ၇၇ | ၇၀ | ၆၈ | ၉၅ |
| ၄ | ကနေဒါ(အယ်လ်ဘာတာ) | 💧 | ၇၅ | ၆၉ | ၅၉ | ၉၇ |
| ၅ | အမေရိကန်(မက္ကဆီကိုပင်လယ်ကွေ့) | 💧 | ၇၄ | ၆၆ | ၆၃ | ၉၃ |
| ၆ | ဘရာဇီး | 💧 | ၇၁ | ၆၂ | ၇၈ | ၇၂ |
| ၇ | ကိုလံဘီယာ | 💧 | ၇၁ | ၅၉ | ၈၅ | ၆၇ |
| ၈ | ဩစတေးလျ(အနောက်) | 🛒 | ၇၁ | ၆၅ | ၅၁ | ၉၆ |
| ၉ | အိန္ဒိယ | 💧 | ၇၀ | ၇၅ | ၆၆ | ၆၉ |
| ၁၀ | ကိုလံဘီယာ | 🛒 | ၆၉ | ၅၉ | ၈၂ | ၆၇ |
| ၁၁ | အင်ဒိုနီးရှား | 🛒 | ၆၈ | ၆၄ | ၇၆ | ၆၅ |
| ၁၂ | အင်ဒိုနီးရှား | 💧 | ၆၈ | ၆၄ | ၇၆ | ၆၅ |
| ၁၃ | ဂါနာ | 💧 | ၆၇ | ၆၅ | ၆၅ | ၇၀ |
| ၁၄ | ထရီနီဒက်နှင့်တိုဘာဂို | 💧 | ၆၄ | ၆၄ | ၅၇ | ၇၁ |
| ၁၅ | မွန်ဂိုလီးယား | 🛒 | ၆၄ | ၆၃ | ၅၄ | ၇၃ |
| ၁၆ | ပီရူး | 🛒 | ၆၂ | ၆၈ | ၅၇ | ၆၂ |
| ၁၇ | မက္ကဆီကို | 💧 | ၆၁ | ၆၄ | ၅၄ | ၆၅ |
| ၁၈ | ဘော့ဆွာနာ | 🛒 | ၆၁ | ၄၀ | ၆၂ | ၈၁ |
| ၁၉ | မက္ကဆီကို | 🛒 | ၆၀ | ၆၂ | ၅၃ | ၆၅ |
| ၂၀ | ဘာကီနာဖာဆို | 🛒 | ၅၉ | ၆၆ | ၅၄ | ၅၇ |
| ၂၁ | ဖိလစ်ပိုင် | 🛒 | ၅၈ | ၅၅ | ၅၂ | ၆၇ |
| ၂၂ | အာဂျင်တီးနား | 💧 | ၅၇ | ၅၈ | ၅၄ | ၅၈ |
| ၂၃ | တောင်အာဖရိက | 🛒 | ၅၇ | ၅၀ | ၄၀ | ၈၀ |
| ၂၄ | ဂါနာ | 🛒 | ၅၆ | ၆၁ | ၃၇ | ၇၀ |
| ၂၅ | ကာဇက်စတန် | 💧 | ၅၆ | ၅၃ | ၅၄ | ၆၁ |
| ၂၆ | တူနီရှား | 💧 | ၅၆ | ၆၀ | ၄၀ | ၆၇ |
| ၂၇ | မလေးရှား | 💧 | ၅၆ | ၄၉ | ၄၁ | ၇၇ |
| ၂၈ | အိုင်ဗရီကို့စ် | 💧 | ၅၅ | ၆၀ | ၆၀ | ၄၆ |
| ၂၉ | တရုတ် | 💧 | ၅၅ | ၅၂ | ၅၄ | ၅၉ |
| ၃၀ | ကင်မရွန်း | 💧 | ၅၄ | ၅၉ | ၇၀ | ၃၃ |
| ၃၁ | နိုင်ဂျာ | 🛒 | ၅၄ | ၅၅ | ၆၀ | ၄၇ |
| ၃၂ | အီကွေဒါ | 💧 | ၅၄ | ၅၁ | ၅၈ | ၅၂ |
| ၃၃ | ကူဝိတ် | 💧 | ၅၄ | ၄၄ | ၅၁ | ၆၇ |
| ၃၄ | ဘိုလီးဗီးယား | 💧 | ၅၄ | ၆၁ | ၅၁ | ၄၉ |
| ၃၅ | မာလီ | 🛒 | ၅၃ | ၄၈ | ၇၀ | ၄၂ |
| ၃၆ | တန်ဇန်းနီးယား | 💧 | ၅၃ | ၆၅ | ၄၀ | ၅၃ |
| ၃၇ | မော်ရိုကို | 🛒 | ၅၂ | ၅၆ | ၃၅ | ၆၄ |
| ၃၈ | ကာဂျစ် | 🛒 | ၅၁ | ၅၇ | ၅၁ | ၄၄ |
| ၃၉ | အိုမန် | 💧 | ၅၀ | ၃၂ | ၄၃ | ၇၆ |
| ၄၀ | ဇမ်ဘီယာ | 🛒 | ၅၀ | ၅၈ | ၃၅ | ၅၈ |
| ၄၁ | မိုဇမ်ဘစ် | 💧 | ၅၀ | ၆၆ | ၄၂ | ၄၃ |
| ၄၂ | တန်ဇန်နီးယား | 🛒 | ၄၉ | ၅၄ | ၄၀ | ၅၃ |
| ၄၃ | အရှေ့တီမော | 💧 | ၄၉ | ၄၉ | ၅၇ | ၄၂ |
| ၄၄ | ယူကရိန်း | 💧 | ၄၉ | ၆၁ | ၄၀ | ၄၅ |
| ၄၅ | ဗီယက်နမ် | 💧 | ၄၈ | ၅၇ | ၃၀ | ၅၉ |

| အဆင့် သတ်မှတ်ချက် | နိုင်ငံ | ဆန်းစစ်သည့် ကဏ္ဍ | စုစုပေါင်းရမှတ် | တန်ဖိုးသတ်မှတ်မှု ရမှတ် | ဝင်ငွေစီမံမှု ရမှတ် | လုပ်ငန်းအဆင်ပြေစွာ ဆောင်ရွက်နိုင်မှုရမှတ် |
|---|---|---|---|---|---|---|
| ၄၆ | ပါပူအာ နယူးဂီနီ | 🛒 | ၄၇ | ၅၀ | ၅၀ | ၄၀ |
| ၄၇ | အဇာဘိုင်ဂျန် | 💧 | ၄၇ | ၄၉ | ၄၃ | ၄၉ |
| ၄၈ | တူနီးရှား | 🛒 | ၄၆ | ၄၀ | ၃၀ | ၆၇ |
| ၄၉ | ဆီရီယာ လီယွန် | 🛒 | ၄၆ | ၆၂ | ၃၅ | ၄၀ |
| ၅၀ | ရုရှား | 💧 | ၄၅ | ၄၇ | ၄၀ | ၄၇ |
| ၅၁ | ယူဂန်ဒါ | 💧 | ၄၄ | ၄၂ | ၄၂ | ၄၇ |
| ၅၂ | လိုင်ဘေးရီးယား | 🛒 | ၄၄ | ၅၉ | ၃၀ | ၄၁ |
| ၅၃ | ကာတာ | 💧 | ၄၃ | ၃၃ | ၁၉ | ၇၇ |
| ၅၄ | အာရပ်စော်ဘွားများနိုင်ငံ | 💧 | ၄၂ | ၃၂ | ၁၆ | ၇၈ |
| ၅၅ | နိုင်ဂျီးရီးယား | 💧 | ၄၂ | ၅၀ | ၄၄ | ၃၁ |
| ၅၆ | ဂွာတီမာလာ | 🛒 | ၄၁ | ၄၂ | ၃၅ | ၄၆ |
| ၅၇ | အီသီယိုးပီးယား | 🛒 | ၄၀ | ၄၆ | ၃၈ | ၃၇ |
| ၅၈ | ကွန်ဂို | 💧 | ၃၉ | ၄၅ | ၄၄ | ၂၉ |
| ၅၉ | ဘာရိန်း | 💧 | ၃၉ | ၂၇ | ၂၆ | ၆၃ |
| ၆၀ | အီဂျစ် | 💧 | ၃၉ | ၄၅ | ၃၀ | ၄၁ |
| ၆၁ | အီရတ် | 💧 | ၃၈ | ၅၂ | ၄၇ | ၁၆ |
| ၆၂ | အီရန် | 💧 | ၃၈ | ၃၆ | ၄၅ | ၃၄ |
| ၆၃ | ဂီနီယာ | 🛒 | ၃၈ | ၅၃ | ၂၄ | ၃၇ |
| ၆၄ | လာအို | 🛒 | ၃၈ | ၄၂ | ၃၀ | ၄၁ |
| ၆၅ | ဂါဘွန် | 💧 | ၃၆ | ၁၈ | ၄၇ | ၄၄ |
| ၆၆ | ကျူးဘား | 💧 | ၃၆ | ၂၉ | ၂၃ | ၅၇ |
| ၆၇ | ဘင်္ဂလားဒေရှ့် | 💧 | ၃၆ | ၃၉ | ၃၅ | ၃၄ |
| ၆၈ | မာဒါဂါစကာ | 🛒 | ၃၆ | ၃၆ | ၃၄ | ၃၈ |
| ၆၉ | ဆော်ဒီအာရေဗျ | 💧 | ၃၆ | ၂၃ | ၂၄ | ၆၀ |
| ၇၀ | အန်ဂိုလာ | 💧 | ၃၅ | ၅၀ | ၃၁ | ၂၅ |
| ၇၁ | အာဖဂန်နစ္စတန် | 🛒 | ၃၄ | ၅၈ | ၃၁ | ၁၄ |
| ၇၂ | ချက်ဒ် | 💧 | ၃၄ | ၃၉ | ၄၃ | ၁၉ |
| ၇၃ | အယ်လ်ဂျေးရီးယား | 💧 | ၃၃ | ၄၀ | ၂၅ | ၃၅ |
| ၇၄ | ဗင်နီဇွဲလား | 💧 | ၃၃ | ၄၈ | ၃၄ | ၁၇ |
| ၇၅ | ကွန်ဂို | 🛒 | ၃၃ | ၅၂ | ၃၅ | ၁၂ |
| ၇၆ | တောင်ဆူဒန် | 💧 | ၃၂ | ၄၂ | ၄၇ | ၅ |
| ၇၇ | မြန်မာ | 💧 | ၃၁ | ၄၄ | ၃၀ | ၁၉ |
| ၇၈ | ယီမင် | 💧 | ၃၀ | ၅၀ | ၂၈ | ၁၁ |
| ၇၉ | ကမ္ဘောဒီးယား | 🛒 | ၃၀ | ၃၁ | ၁၈ | ၄၀ |
| ၈၀ | ဥဇဘက်ကစ္စတန် | 💧 | ၂၉ | ၄၀ | ၂၅ | ၂၂ |
| ၈၁ | ဇင်ဘာဘွေ | 🛒 | ၂၉ | ၃၇ | ၃၀ | ၂၀ |
| ၈၂ | မော်ရီတန်နီးယား | 🛒 | ၂၉ | ၄၁ | ၁၀ | ၃၆ |
| ၈၃ | မြန်မာ(ကျောက်စိမ်း) | 🛒 | ၂၇ | ၃၃ | ၃၀ | ၁၉ |
| ၈၄ | ကွန်ဂို | 💧 | ၂၅ | ၄၄ | ၂၀ | ၁၂ |
| ၈၅ | အီကွေတာ ဂီနီယာ | 💧 | ၂၂ | ၂၉ | ၁၈ | ၁၇ |
| ၈၆ | ဆူဒန် | 💧 | ၂၁ | ၂၆ | ၂၆ | ၁၁ |
| ၈၇ | လစ်ဗျား | 💧 | ၁၈ | ၂၇ | ၂၀ | ၆ |
| ၈၈ | တာခ့်မင်စတန် | 💧 | ၁၁ | ၁၁ | ၀ | ၂၁ |
| ၈၉ | အီထရီယာ | 🛒 | ၁၀ | ၁၅ | ၅ | ၁၀ |

# တွေ့ရှိချက်များ

### နိုင်ငံအများစုမှာ စီမံအုပ်ချုပ်မှုဆိုင်ရာ (governance) အခက်အခဲများ ထုနှင့်ထည်နှင့် ရင်ဆိုင်နေရဆဲ ဖြစ်သည်။

ဒေါ်လာဘီလီယံနှင့်ချီ တန်ဖိုးရှိသည့် ရေနံ၊ ဓာတ်ငွေ့ သို့မဟုတ် ဓာတ်သတ္တုသိုက်များရှိသည့် နိုင်ငံများရှိ နိုင်ငံသားများအနေဖြင့် ဖူဖူလုံလုံဖြင့် တိုးတက်သည့်ဘဝကို ပိုင်ဆိုင်ရမည်ဖြစ်သော်လည်း သယံဇာတပေါများသည့် နိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် သယံဇာတမရှိသည့် နိုင်ငံများထက်နှေးသည်။ [၄] စီမံမှုပိုင်း အရည်အသွေးခြားနားမှုကြောင့် ယင်းကဲ့သို့ ကွာခြားနေခြင်းဖြစ်သည်။ [၅] သယံဇာတစီမံမှုအဆင့်သတ်မှတ်ချက်ပါ ၈၁ နိုင်ငံအနက် ၄၇ နိုင်ငံသည် ရေနံ၊ဓာတ်ငွေ့သို့မဟုတ်တွင်းထွက်လုပ်ငန်းများ အဓိကဆောင်ရွက်နေသည့် သဘာဝသယံဇာတပေါကြွယ်ဝသည့်နိုင်ငံအဖြစ် နိုင်ငံတကာငွေကြေးရန်ပုံငွေ (International Monetary Fund) အဖွဲ့ကြီးက သတ်မှတ်ထားပါသည်။ [၆] အဆင့်သတ်မှတ်ချက်လေ့လာမှုအရ ယင်းနိုင်ငံအများစုမှာ သယံဇာတစီမံမှုတွင် အားနည်း၊ နုံနဲ့ သို့မဟုတ် အခြေတည်မရအောင် ပျက်ပြားနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ယင်းကိစ္စသည်ထာဝရတည်သည့် ဝိရောဓိတော့မဟုတ်ပါ။ ဘော့ဆွာနာ၊ အင်ဒိုနီးရှား၊ မွန်ဂိုလီယား နှင့်နော်ဝေတို့သည် သယံဇာတကြွယ်ဝသည့်နိုင်ငံဖြစ်သကဲ့သို့ စွမ်းဆောင်ရည်ပိုင်းတွင် ကောင်း သို့မဟုတ် သင့် အနေအထားတွင်ရှိနေသည့် နိုင်ငံဖြစ်သည်။

### စီမံအုပ်ချုပ်မှုကောင်းနှင့် ဓနကြွယ်ဝမှုအကြားဆက်စပ်မှုမရှိပါ

အဆင့်သတ်မှတ်ချက်အရ ချမ်းသာသည့်နိုင်ငံများသည်လည်း သယံဇာတစီမံမှုဆိုင်ရာ ပြဿနာများနှင့် ရင်ဆိုင်ရသည်သာ ဖြစ်သည်။ အနောက်သြစတေးလျ၏လိုင်စင်ချထားပေးခြင်းနှင့်အခွန်ကောက်ခြင်းဆိုင်ရာရမှတ်မှာ နိမ့်သည်။ အမေရိကန်သည်လည်း မက္ကဆီကို ပင်လယ်ကွေ့ရှိ သဘာဝဝန်းကျင်မပျက်ဆီးအောင် ချမှတ်သည့်မူဝါဒများ၊ ဆောင်ရွက်မှုများအားနည်းသဖြင့်ရမှတ် ၁၀၀ တွင် ၅၀ သာရရှိသည်။ အဆင့်သတ်မှတ်ချက်ပါ ဝင်ငွေမြင့်မားသည့်နိုင်ငံ ၁၃ ခုရှိသည့်အနက် အရှေ့အလယ်ပိုင်းမှာပါ ဝင်သည့် ၆ နိုင်ငံလုံး၏ ရမှတ်မှာ ကောင်း သို့မဟုတ် သင့် အဆင့်တွင်ပင်မရှိပါ။ အဆိုးဆုံးမှာ ဆော်ဒီအာရေဗျဖြစ်ပြီ ရမှတ် ၃၆ မှတ်သာရှိသည်။
ဆန့်ကျင်ဘက်အနေဖြင့် ဝင်ငွေအလယ်အလတ်၊ ဝင်ငွေနိမ့်နိုင်ငံအတော်များများ၏ ရမှတ်များမှာ သူ့အိုးနှင့်သူ့ဆန် အားရဖွယ်ဖြစ်သည်။ ဘရာဇီး၊ အိန္ဒိယ၊ ကိုလံဘီယာတို့သည် အဆင့် ၁၀ တွင်ရပ်တည်နေကြသည်။ အဆင့်သတ်မှတ်ချက်တွင်ပါဝင်သည့်အဆင်းရဲဆုံးနိုင်ငံများသည်ပင်လျှင် စုစုပေါင်းရမှတ်အနေဖြင့် ကောင်း သို့မဟုတ် သင့် အနေအထားတွင် မရှိသင့်တိုင် အချို့သော ခေါင်းစဉ်ခွဲများတွင် ရမှတ်ကောင်းများ ရရှိနေကြသည်။

### တူညီသည့်ဒေသတွင်းမှာပင် အလွန်ကွဲပြားသည် သယံဇာတစီမံမှုပုံစံများကိုမြင်တွေ့နိုင်သည်။

သမိုင်းနောက်ခံ၊ ပထဝီအနေအထား ဆင်တူသည့်နိုင်ငံများသည်ပင် တွင်းထွက်သယံဇာတစီမံရာတွင် ခြားနားမှု များရှိနေကြောင်း အဆင့်သတ်မှတ်ချက်များကို လေ့လာပါက တွေ့မြင်နိုင်သည်။ စွမ်းဆောင်ရည်ပိုင်းတွင် ကွာဟချက်ကြီးကြီးမားမားရှိသည်။ ဥပမာအားဖြင့် ယူရေးရှား (အာရှအလယ်ပိုင်း) ဒေသတွင်ဖြစ်သည်။ မွန်ဂိုလီယားသည် ၁၀၀ တွင် ၆၄ မှတ်ရရှိပြီး တာခ့်မင်စတန်သည် ၁၁ မှတ်သာရရှိသည်။ လက်တင်အမေရိကတွင်လည်း ချီလီ ၈၁ မှတ်၊ ကိုလံဘီယာ ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍ ၇၁ မှတ်ရရှိပြီ ၎င်းတို့အိမ်နီးချင်း ဗင်နီဇွဲလားသည် ၃၃ မှတ်သာ ရရှိသည်။ နိုင်ငံများတခုနှင့်တခုကြား ခြားနားမှုမှာ ကြီးမားသဖြင့် ဒေသကြီးတစ်ခုလုံး၏ စွမ်းဆောင်ရည်များကို ပျှမ်းမျှချမည်ဆိုပါက တလွဲတချော်ရလဒ်များ ဖြစ်ပေါ်နိုင်သည်။ အောင်မြင်နေသည့် နိုင်ငံများကိုကြည့်ပြီး အနီးအပါးမှ နိုင်ငံများအနေဖြင့်တွင်းထွက်ကိစ္စများအောင်မြင်ရန်စီမံရန်မှာဖြစ်နိုင်သောကြောင့် အတုယူနိုင်သည်။


### နိုင်ငံအလိုက် အလွန်ကွဲပြားသည့် သယံဇာတစီမံမှု ပုံစံများကို မြင်တွေ့နိုင်သည်။

နိုင်ငံတစ်ခု၏ စုစုပေါင်းရမှတ်နှင့် ခေါင်းစဉ်၊ ခေါင်းစဉ်ခွဲအလိုက် ဆန်းစစ်မှုရလဒ်များကို တိုက်ဆိုင်ကြည့်ပါက ကွဲပြားမှုကြီးကြီး မားမားရှိသည့်ကို တွေ့ရမည်။ ရမှတ်အများဆုံးနှင့် အနည်းဆုံးခေါင်းစဉ်အကြား ကွာဟမှုမှာ ရမှတ် ၂၀ အထက်ရှိသည်ကို ဆန်းစစ်မှုတဝက်ကျော်တွင် တွေ့ရသည်။ ဆီရီယာလီယွန်နိုင်ငံသည် တန်ဖိုးဖြတ်မှုဆိုင်ရာတွင် ရမှတ် ၆၂ ရရှိပြီ ဝင်ငွေစီမံမှုရမှတ် ၃၅ မှတ်သာရရှိသည်ကိုဥပမာအဖြစ်လေ့လာနိုင်သည်။ ယင်းပုံစံမျိုး(ဝင်ငွေစီမံမှုအပိုင်းရမှတ်နည်းခြင်း)ကို အမေရိကန်၊ ကနေဒါကဲ့သို့သော ချမ်းသာသည့် နိုင်ငံများ၊ ရေနံကြွယ်ဝသည့် ပါးရှားပင်လယ်ကွေ့မှ နိုင်ငံများတွင်လည်း တွေ့မြင်နိုင်သည်။
အဆင့်သတ်မှတ်ချက်ပြုလုပ်ရန် လေ့လာခဲ့သမျှသော ခေါင်းစဉ်ခွဲအားလုံးတွင် ကောင်း သို့မဟုတ် သင့် ရရှိခဲ့သည့်နိုင်ငံမှာအနည်းငယ်သာရှိသည်။ ယင်းခြားနားမှုများကို အရေးတယူပြင်ဆင်သင့်သည်။ ထိရောက်အောင်မြင်သည့် သယံဇာတစီမံမှု (တူးဖော်မှုရရှိသည့်ကောင်းကျိုးချမ်းသာခံစားနိုင်ရန်) တခုဖြစ်ရန်မှာ မူဝါဒများအားကောင်းရန်၊ လုပ်ထုံးလုပ်နည်းများစနစ်ကျရန် လိုအပ်သည်။ [၇] ဥပမာအားဖြင့် ကိုလံဘီယာ၏ရေနံနှင့်ဓာတ်ငွေ့သည် သယံဇာတရန်ပုံငွေစီမံမှုတွင်အမှတ် ၁၀၀ ရရှိသော်လည်း ဒေသခံနှင့်ပတ်ဝန်းကျင်အကာအကွယ်ပေးနိုင်မှု အပိုင်းတွင် ၃၆ မှတ်သာရရှိသည်။ နိုင်ငံအနေဖြင့် စုဆောင်းခြင်းနှင့်တည်ငြိမ်ရေး ရန်ပုံငွေများ (stabilization fund)


ချမှတ်ရန် ထက်ထက်မြက်မြက် ဆောင်ရွက်ထားနိုင်သော်လည်း တင်းကျပ်သည့်စည်းမျဉ်း စည်းကမ်းများ၊ အကာအကွယ်ပေးမှုများမရှိပါက ရေနံနှင့်ဓာတ်ငွေ့လုပ်ကွက် အနီးအနားမှ ရပ်ရွာများအနေဖြင့် ဖြေမရသည့် ဆုံးရှုံးမှုများနှင့် တွေ့ကြုံရမည့် အလားအလာများရှိနိုင်သည် ဖြစ်သောကြောင့် ရေနံတူးဖော်ခြင်းသည် ကိုလံဘီယာတစ်နိုင်ငံလုံးကို အကျိုးဖြစ်ထွန်းစေသည်ဟု အခိုင်အမာယူဆနိုင်ရန် ခက်ခဲသွားပြီဖြစ်သည်။

## စုစုပေါင်းရမှတ်သည် ခေါင်းစဉ်ခွဲအလိုက် ရမှတ်ကွဲပြားမှုကို လွှမ်းမိုးလိုက်သည်။


နိုင်ဂျီးရီးယား




ကိုလံဘီယာ – (ရေနံနှင့်ဓာတ်ငွေ့)






ဗီယက်နမ်



# ကမ္ဘာအနှံ့မှ သယံဇာတစီမံအုပ်ချုပ်မှု အခြေပြမြေပုံ


## သယံဇာတစီမံအုပ်ချုပ်မှု နိုင်ငံအလိုက် ရမှတ်များနှင့်အဆင့်များ





၆၁ | အီရတ် | ၃၈
၇၈ | ယီမင် | ၃၀
၆၉ | ဆော်ဒီအာရေဗျ | ၃၆
၃၃ | ကူဝိတ် | ၅၄
၄၇ | အဇာဘိုင်ဂျန် | ၄၇
၅၉ | ဘာရိန်း | ၃၉
၅၃ | ကာတာ | ၄၃
၅၄ | အာရပ်စော်ဘွားများနိုင်ငံ | ၄၂
၆၂ | အီရန် | ၃၈
၂၅ | ကာဇက်စတန် | ၅၆
၅၀ | ရုရှား | ၄၅
၁၅ | မွန်ဂိုလီးယား | ၆၄
၃၈ | ကာဂျစ် | ၅၁
၈၀ | ဥဇဘက်ကစ္စတန် | ၂၉
၈၈ | တာခ်ဳမင်စတန် | ၁၁
၇၁ | အာဖဂန်နစ္စတန် | ၃၄
၂၉ | တရုတ် | ၅၅
၇၇ | မြန်မာ | ၃၁
၈၃ | မြန်မာ | ၂၇
၆၇ | ဘင်္ဂလားဒေ့ရှ် | ၃၆
၆၄ | လာအို | ၃၈
၄၅ | ဗီယက်နမ် | ၄၈
၉ | အိန္ဒိယ | ၇၀
၃၉ | အိုမန် | ၅၀
၈၉ | အီထရီယာ | ၁၀
၈၆ | ဆူဒန် | ၂၁
၇၂ | ချက်ဒ် | ၃၄
၃၁ | နိုင်ဂျာ | ၅၄
၅၇ | အီသီယိုးပီးယား | ၄၀
၇၆ | တောင်ဆူဒန် | ၃၂
၅၁ | ယူဂန်ဒါ | ၄၄
၇၅ | ကွန်ဂို | ၃၃
၈၄ | ကွန်ဂို | ၂၅
၃၆ | တန်ဇန်နီးယား | ၅၃
၄၂ | တန်ဇန်နီးယား | ၄၉
၄၀ | ဇမ်ဘီယာ | ၅၀
၆၈ | မာဒါဂါစကာ | ၃၆
၄၁ | မိုဇမ်ဘစ် | ၅၀
၈၁ | ဇင်ဘာဘွေ | ၂၉
၁၈ | ဘော့ဆွာနာ | ၆၁
၂၃ | တောင်အာဖရိက | ၅၇
၂၁ | ဖိလစ်ပိုင် | ၅၈
၇၉ | ကမ္ဘောဒီးယား | ၃၀
၂၇ | မလေးရှား | ၅၆
၁၁ | အင်ဒိုနီးရှား | ၆၈
၁၂ | အင်ဒိုနီးရှား | ၆၈
၄၆ | ပါပူအာ နယူးဂီနီ | ၄၇
၄၃ | အရှေ့တီမော | ၄၉
၈ | သြစတေးလျ(အနောက်) | ၇၁

# သယံဇာတစီမံအုပ်ချုပ်မှု ရမှတ်အနည်းဆုံး နိုင်ငံများသည် ၎င်းတို့ချမှတ်ထားသည့် ဥပဒေများကို လိုက်နာရန်ဖြစ်နိုင်ခြေ နည်းသည်။



## မိမိသတ်မှတ်ထားသည့် စည်းကမ်းများကို မိမိကိုယ်တိုင်လိုက်နာရန်ပျက်ကွက်ခြင်း

နိုင်ငံတခု၏ ရမှတ်တွက်ချက်ရာတွင် ဥပဒေမူဘောင် (legal framework) နှင့်ဥပဒေအကောင်အထည်ဖော်မှု (implementation) ရမှတ်များကိုပါ ထည့်သွင်းတွက်ချက်သည်။ ဥပဒေမူဘောင်ရမှတ်တွက်ချက်ရာတွင် သယံဇာတစီမံမှုကို ပုံဖော်သည့် ဥပဒေများနှင့် စည်းမျဉ်းများ၏ လွှမ်းခြုံစိုးမိုးနိုင်မှု၊ အရည်အသွေး (ဥပမာ – စာချုပ်များဖွင့်ပြရန် နည်းဥပဒေ သတ်မှတ်ထားခြင်းရှိမရှိ) တို့နှင့်ဆက်စပ်သည့် အညွှန်းကိန်းများကို ထည့်သွင်း တွက်ချက်သည်။ အကောင်အထည်ဖော်မှုအပိုင်းကို တိုင်းတာခြင်းဖြင့် အစိုးရတရပ်အနေဖြင့် ၎င်းရေးဆွဲထားသည့် မူဝါဒများနှင့် ဥပဒေများကို ပိုင်ပိုင်နိုင်နိုင် အကောင်အထည်ဖော် နိုင်ခြင်းရှိမရှိ သိရှိနိုင်သည်။

မှန်ကန်ကောင်းမွန်သည့်စီမံမှု (good governance) ဆိုသည်မှာ နည်းဥပဒေကောင်းများရှိသကဲ့သို့ ယင်းကို အသက်သွင်းရန် ခိုင်မာသည့် ထိန်းကြောင်းစောင့်ကြည့်မှုများ (strong oversight) လည်းရှိနေပြီး လက်တွေ့ဆောင်ရွက်နိုင်စွမ်း (competence)၊ ဆောင်ရွက်လိုစိတ် (willingness) တို့ ပေါင်းစပ်ဖြစ်ပေါ်နေခြင်းကို ဆိုလိုသည်။ အညွှန်းကိန်း အချက်အလက်များအရ မည်သည့်နိုင်ငံက မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်နေသည်ကိုသိရှိနိုင်သည်။ ဥပဒေမူဘောင်ဆိုင်ရာ မေးခွန်းများကို အဆင့်သတ်မှတ်ချက်မေးခွန်းပြုစုရာတွင်တန်ဖိုးသတ်မှတ်ချက်တွင်လည်းကောင်း၊အကောင်အထည်ဖော်မှုပိုင်မေးခွန်းများကို အခြားကောက်နုတ်ချက်များ ဖော်ထုတ်ရန်လည်းကောင်းအသုံးပြုသည်။ ပထမတွင် နိုင်ငံများအနေဖြင့် ၎င်းတို့ ဥပဒေများ၏ အရည်အသွေးများကို မြင့်တင်ရန်လိုသည်။ နောက်တချက်မှာ နိုင်ငံများသည် အတည်ပြုထားသည့်ဥပဒေများကို အသက်သွင်းလိုက်နာရန် ပျက်ကွက်နေကြသည်။ နိုင်ငံများ၏ ဥပဒေမူဘောင်ရမှတ်များကို ပျှမ်းမျှချကြည့်ပါက ၁၀၀ တွင် ၅၄ မှတ်ရရှိကြပါသည်။ အကောင်အထည်ဖော်ကျင့်သုံးမှုအပိုင်း (practice) တွင် ၄၅ မှတ်ရရှိကြပြီး ပျှမ်းမျှကွာခြားချက် ၉ မှတ်ရှိသည်။ စီမံမှုအရပ်ရပ်တွင် အခြေအနေဆိုးနေသည့် နိုင်ငံများတွင်ဥပဒေမူဘောင်နှင့် လက်တွေ့ကျင့်သုံးမှုကြား ကွာဟချက်မှာ ပျှမ်းမျှအားဖြင့် ၁၄ မှတ်ဖြစ်သည်။

ဥပဒေသတ်မှတ်ချက်များ အခိုင်အမာမရှိသည့်တိုင် လက်တွေ့ဆောင်ရွက်မှုအပိုင်းတွင် စနစ်တကျရှိသည့် နိုင်ငံအချို့ရှိသည်။ ဥပမာ မလေးရှားနိုင်ငံဖြစ်သည်။ ဥပဒေမူဘောင်တွင် ပြဋ္ဌာန်းထားသည်ထက် လက်တွေ့ အကောင်အထည်ဖော်မှုပိုင်းပို၍ အားကောင်းနေသောနိုင်ငံများအနက် အထင်ရှားဆုံးဖြစ်သည်။ နိုင်ငံပိုင်ရေနံကုမ္ပဏီဖြစ်သော ပထရိုနပ်(Petronas)သည် အချက်အလက်ဖွင့်ပြခြင်း၊ စာချုပ်ချုပ်ဆိုခြင်းနှင့် ဆိုင်သည့်ကိစ္စများကို လေးလေးစားစားဆောင်ရွက်ကျင့်သုံးသည်။ ဥပဒေအရ ယင်းသို့ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားခြင်း မရှိပဲနှင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ ခြုံ၍ပြောရလျှင် ဥပဒေမူဘောင်မရှိပဲ လက်တွေ့ပိုင်းကောင်းမွန် နေခြင်းသည် အချိန်မရွေး အလွယ်တကူ အပြောင်းကပြန်ဖြစ်သွားနိုင်သည့် ကိစ္စဖြစ်သည်။

ဥပဒေနှင့် လက်တွေ့ဆောင်ရွက်မှုကြား အကျယ်ပြန့်ဆုံး ကွာဟချက်ရှိသည့် ခေါင်းစဉ်ခွဲ ၂ ခုမှာ ဒေသခံများအကျိုး၊ ပြည်နယ်များသို့ သယံဇာတဝင်ငွေခွဲဝေပေးမှုတွင်ဖြစ်သည်။ ဒေသခံများအကျိုးအတွက် ရည်ရွယ်ပြုစုထားသည် ဥပဒေများအတွက် ပျှမ်းမျှရမှတ်မှာ ၆၄ မှတ်ရှိသော်လည်း ယင်းဥပဒေများ အမှန်တကယ်အကောင်အထည်ဖော်မှုအပိုင်းရမှတ်မှာ ၂၃ မှတ်သာရှိသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများ အကောင်အထည်ဖော်ရန် ပျက်ကွက်မှုကြောင့် အဖြစ်များသည်ကိုတွေ့ရသည်။ ပြည်နယ်အစိုးရများသို့ သယံဇာတခွဲဝေပေးခြင်းဆိုင်ရာ ဥပဒေများတွင် နိုင်ငံများ၏ ပျှမ်းမျှရမှတ်မှာ ၇၆ မှတ်ဖြစ်သော်လည်း အမှတ်တကယ်အကောင်အထည်ဖော်မှုပိုင်း ပျှမ်းမျှရမှတ်မှာ ၄၅ မှတ်သာရှိသည်။ သဘာဝသယံဇာတဝင်ငွေများကို ပြည်နယ်အာဏာပိုင်များသို့ လွှဲပြောင်းပေးသည့် နိုင်ငံအဆင့်အစိုးရ ၃၃ ဖွဲ့အနက် ၂၃ ဖွဲ့သာလျှင် ယင်းလွှဲပြောင်းပေးမှုများကိုစာရင်းစစ်ရမည်ဟု ဥပဒေချမှတ်ထားသည်။ ဆန်းစစ်မှုပြုလုပ်ခဲ့ရာတွင် အမှန်တကယ် စာရင်းစစ်မှု ပြုလုပ်ခဲ့သည့် အစိုးရ အဖွဲ့ ၁၂ ဖွဲ့သာရှိသည်။

အဆင့်သတ်မှတ်ချက်ပါ အချက်အလက်များအရ အကျင့်ပျက်လာဘ်စားမှုကို ကောင်းစွာချုပ်ကိုင်တိုက်ဖျက်နိုင်မှသာလျှင် နိုင်ငံများအနေဖြင့် ၎င်းတို့ချမှတ်ထားသည် ဥပဒေများလိုက်နာရန် အလားအလာများသည့်ကိုတွေ့ရသည်။ ဥပဒေနှင့် လက်တွေ့ကျင့်သုံးမှုအပိုင်း ကွဲပြားမှုသည် ဥပဒေများ လက်တွေ့အကောင်အထည်ဖော်ရန် နည်းပညာစွမ်းဆောင်ရည်အားနည်းမှု တခုတည်းကြောင့် သာမဟုတ်ကြောင်းကို ယင်းအချက်က သက်သေခံလျက်ရှိသည်။

| အကျင့်ပျက်လာဘ်စားမှု ထိန်းချုပ်ခြင်း | ဥပဒေနှင့်လက်တွေ့ဆောင်ရွက်မှုအပိုင်းရမှတ် ကွာဟချက် |
| --- | --- |
| ကောင်း/သင့် | ၃ |
| ညံ့ | ၁၂ |
| အခြေပျက်/ဖရိုဖရဲပျက် | ၁၃ |

# သယံဇာတစီမံအုပ်ချုပ်မှု အရေးကြီးရခြင်းအကြောင်း

မည်သည့်အတွက်ကြောင့် သယံဇာတစီမံအုပ်ချုပ်မှု အဆင့်သတ်မှတ်ချက်ရလဒ်များ အရေးပါရသနည်း။ သယံဇာတစီမံမှု မှားယွင်းပါက ဆိုးကျိုး ကြီးကြီးမားမားများ ရှိပါသလား။ သယံဇာတစီမံမှုအရေးကြီးရခြင်း အကြောင်းကြီး ၃ ရပ်ကို အောက်တွင် ဖော်ပြထားသည်။

## သယံဇာတတလွဲစီမံမိပါက ဆင်းရဲမွဲတေမှုနှုန်းမြင့်တက်စေသည်

သယံဇာတကြွယ်ဝမှုများနှင့် စီမံပုံတို့သည် အဆင့်သတ်မှတ်ချက်ပြုစုရန်ဆန်းစစ်ခဲ့သည့် နိုင်ငံများရှိ ၁.၈ ဘီလီယံသော လူဆင်းရဲများ၏ ဘဝကိုအပြောင်းအလဲဖြစ်နိုင်သည်။ [၈] လူဆင်းရဲတဝက်နီးပါးခန့်သည် သယံဇာတ စီမံမှု၊ အားနည်း၊ ညံ့ဖျင်း သို့မဟုတ် ဖရိုဖရဲဖြစ်နေသည့် နိုင်ငံများတွင် နေထိုင်ရှင်သန်နေကြသည်။ သယံဇာတ တူးဖော်မှုကို ကောင်းစွာစီမံခြင်းမှ ရရှိလာသည့်အကျိုးအမြတ်များသည် ယင်းကဲ့သို့သောနိုင်ငံများကို ဆင်းရဲမွဲတေမှုမှ လွတ်မြောက်ရန် လမ်းခင်းပေးနိုင်မည် ဖြစ်သည်။ ခိုင်မာသည့်လုပ်ငန်းဌာနများမရှိ၊ မူဝါဒများမရှိ၊ အကျင့်ပျက် လာဘ်စားတိုက်ဖျက်မှု လျှော့ချနိုင်ခြင်းလည်းမရှိဆိုပါက သယံဇာတကျိန်စာအောက်မှ လွတ်မြောက်ရန် ခက်ခဲနေအုံးမည်ဖြစ်သည်။ ဆင်းရဲသားများ ဆင်းရဲမြဲဖြစ်ပြီးလက်တဆုပ်စာ လူတန်းစားမှာ ဆက်လက် ချမ်းသာနေအုံးမည်ဖြစ်သည်။ လုပ်ငန်းဌာနများနှင့်မူဝါဒများအားနည်းခြင်း၊ အကျင့်ပျက်လာဘ်စားမှု မြင့်မားခြင်း၏ အကျိုးဆက်များကို မကြာသေးမီကာလအတွင်း အထင်အရှားမြင်တွေ့လာရသည်။ ကုန်စည်ဈေးနှုန်းများ မြင့်တက်နေချိန် ၂၀၀၄ မှ ၂၀၁၄ ခုနှစ်အတွင်း ထရီလီယံနှင့်ချီသည့် ရေနံ၊ ဓာတ်ငွေ့၊ သတ္တုတွင်းထွက်များ တူးဖော်ခဲ့သော်လည်း သယံဇာတ ကြွယ်ဝသည့်နိုင်ငံများ၏ တူးဖော်ရေးနှင့်မဆိုင်သည့် ကဏ္ဍများ၏ တိုးတက်နှုန်းမှာ ဈေးနှုန်းအမြင့်မရောက်မီကာလ၏တိုးတက်မှုနှုန်းနှင့်ထူးမခြားနားပင်ဖြစ်သည်။ [၉] ပုံမှန်အားဖြင့် တူးဖော်ရေးနှင့်မဆိုင်သည့် ကဏ္ဍများမှာ အလုပ်အကိုင်အများဆုံး ပေးနိုင်သည်ဖြစ်သောကြောင့် ဆင်းရဲမွဲတေမှုလျှော့ချရန် အဓိကသည်ဖြစ်ရာ ယင်းကိစ္စသည် အရေးပါသည်။ [၁၀]

## စီမံအုပ်ချုပ်မှု ကောင်းပါက သဘာဝကြောင့်ဖြစ်ပေါ်သည့် ဘေးဒဏ်များကို လျှော့ချနိုင်သည်။

တူးဖော်မှုပြုလုပ်သည့် နေရာအနီးအပါးတွင်နေထိုင်သူများနှင့် ပတ်ဝန်းကျင်အတွက် သယံဇာတစီမံမှု သည်အရေးပါသည်။ သယံဇာတစီမံမှုအားကောင်းသည့် နိုင်ငံများရှိ ရေနံနှင့်ဓာတ်သတ္တုတူးဖော်ရေးကုမ္ပဏီကြီးများသည် သဘာဝဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင်သတိထား ဆောင်ရွက်ကြသည်။ (ထုတ်လုပ်မှုလုပ်ငန်းစဉ်တလျောက်ထုတ်လွှတ်သည့်ကာဗွန်ကြောင့်တကမ္ဘာလုံးပေါ်သက်ရောက်မှုကြီးကြီးမားမားရှိသည့်တိုင်) သယံဇာတစီမံမှု လျော့ရဲသည် နိုင်ငံများတွင် ကုမ္ပဏီများသည် သဘာဝဝန်းကျင်နှင့် ဒေသခံရပ်ရွာများ၏ နစ်နာမှုကို ဂရုမစိုက် ပေါ့ပေါ့လျော့လျော့ ဆောင်ရွက်ကြသည် များလည်းရှိသည်။ ဇမ်ဘီယာရှိ ကာဖူမြစ် ညစ်ညမ်းမှုများသည် အမေဇုန်တောပြုန်းမှုထိအစရှိသော သဘာဝန်းကျင်ဆိုင်ရာ ပျက်ဆီးမှုအမျိုးမျိုးသည် စည်းမဲ့ကမ်းမဲ့တူးဖော်သည့် ကုမ္ပဏီများကြောင့်ဟု တစိတ်တပိုင်းအားဖြင့် သတ်မှတ်နိုင်သည်။

## သယံဇာတစီမံမှုသည် အနာဂတ်တွင်ပို၍ အရေးပါလာမည်

လွန်ခဲ့သည့် ဆယ်စုနှစ်၃နှစ်တွင် ကမ္ဘာ့တူးဖော်ရေးလုပ်ငန်းများသည် ကမ္ဘာမြောက်ပိုင်းမှ တောင်ပိုင်းတို့ရွှေ့သွားသည်။ သယံဇာတသိုက်များသည်လည်း OECD နိုင်ငံများတွင်ထက် OECD အဖွဲ့ဝင်မဟုတ်သည့်နိုင်ငံများတွင် ပို၍တွေ့ရှိလာသည်။ [၁၁] စီမံအုပ်ချုပ်မှု ညံ့၊ အားနည်း သို့မဟုတ် အခြေပျက် ဖရိုဖရဲအခြေနေဖြင့် သယံဇာတထုတ်လုပ်မှုသည် အနာဂတ်တွင်လည်း ဆက်လက်တိုးမြင့်လာဖွယ်ဖြစ်သည်။ တချိန်တည်းမှာပင် ရုပ်ကြွင်းလောင်စာ ထုတ်လုပ်သူများရင်ဆိုင်ရမည့် မရေရာမှုများလည်း များပြားလာနိုင်သည်။ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန်အတွက် လူသားများသည် ရုပ်ကြွင်းလောင်စာ အသုံးပြုခြင်းကို စွန့်ခွာအသွင်းပြောင်းလဲရမည်ဖြစ်သည်။ ကမ္ဘာတစ်ဝှမ်းတွင် အပြောင်းအလဲများ အလျင်အမြန်ဆောင်ရွက်နိုင်ခြင်းမရှိပါက ဆင်းရဲသော နိုင်ငံများသည် ရာသီဥတု ပြောင်းလဲခြင်း၏ ဆိုးကျိုးများကို အကြီးအကျယ်ခံရမည်ဖြစ်သည်။ ယင်းအသွင်ပြောင်းမှုသည် လောင်စာထုတ်သည့် နိုင်ငံများ၏ အုပ်ချုပ်စီမံပုံကို စမ်းသပ်မည်ဖြစ်သည်။ [၁၂]

# သယံဇာတစီမံအုပ်ချုပ်မှု ဆောင်ရွက်နေသည့် ဌာနများ

အုပ်ချုပ်စီမံမှု အဆင့်မြင့်တင်ခြင်းဆိုသည်မှာ လုပ်ငန်းဌာနများအဆင့်မြင့်တင်ခြင်းကို ဆိုလိုသည်။ ရေနံ၊ ဓာတ်ငွေ့နှင့် တွင်းထွက်များတူးဖော်နေသည့် နိုင်ငံများတွင် တွေ့ရလေ့ရှိသည့် ဌာနများကို အဆင့်သတ်မှတ်ချက်ပါ အချက်အလက်များကို အသုံးချပြီး အနီးကပ်လေ့လာဆန်းစစ်နိုင်သည်။ ယင်းကိစ္စအတွက် နိုင်ငံပိုင်လုပ်ငန်းများနှင့်သယံဇာတရန်ပုံငွေသည် (sovereign wealth funds) အဓိကကျသည့် ဌာနများဖြစ်သည်။

## နိုင်ငံပိုင်လုပ်ငန်းများ

နိုင်ငံအများစု၏တူးဖော်ရေးလုပ်ငန်းများတွင်နိုင်ငံပိုင်လုပ်ငန်းများသည် အဓိကနေရာမှ ပါဝင်နေသည်။ နိုင်ငံဖွံ့ဖြိုးရေးအတွက် ရေနံနှင့်ဓာတ်သတ္တုများကို အသုံးပြုဖော်ဆောင်သည့် လုပ်ငန်းများရှိသကဲ့သို့ အကျင့်ပျက်လာဘ်စားခြင်း၊ လုပ်ငန်းလည်ပတ် အမြတ်ထွက်အောင်ဆောင်ရွက်နိုင်မှုမရှိသဖြင့် နိုင်ငံ၏သယံဇာတများ ဖြုန်းတီးပစ်သည့် လုပ်ငန်းများလည်းရှိသည်။ အညွှန်းကိန်းတွင် ပုံစံ ၂ မျိုးလုံးတွင် လေ့လာထားပြီး၊ နိုင်ငံပိုင်လုပ်ငန်း ၇၄ ခု၏ စီမံအုပ်ချုပ်မှုများကို ဆန်းစစ်ထားသည်။ အဆင့်သတ်မှတ်ချက်တွင် ချီလီနိုင်ငံ၏ Codelco သည် စီမံမှုစနစ်အကျဆုံး နိုင်ငံပိုင်လုပ်ငန်းဖြစ်သည်။ အီရီတီယန်နိုင်ငံ၏ နိုင်ငံပိုင် တူးဖော်ရေးကော်ပိုရေးရှင်းသည် အဆိုးဆုံးဖြစ်သည်။ ယင်းဖရိုဖရဲဖြစ်နေသည်ဟု သတ်မှတ်ခံရသည်အုပ်စုတွင် Saudi Aramco လည်း ပါဝင်နေသည်။ ယင်းသည် ကမ္ဘာပေါ်တွင် အကြီးဆုံးစွမ်းအင်ကုမ္ပဏီ ဖြစ်သည်။ ရမှတ် ၁၀၀ အနက် ၂၇ မှတ် သာရရှိသည်။ ပွင့်လင်းမြင်သာမှု မရှိခြင်းသည် အားနည်းချက်တစ်ခု ဖြစ်သည်။ ဆော်ဒီအာရေဗျ အာဏာပိုင်များအနေဖြင့် ယင်းကုမ္ပဏီ၏ ရှယ်ယာများကို စျေးကွက်တင်လိုသည်ဆိုပါက ပွင့်လင်းမြင်သာမှုအပိုင်းကို အားထည့်ရန်လိုသည်။ ရင်းနှီးမြှုပ်နှံသူများ ဥပမာနိုင်ငံသားများအနေဖြင့် သတင်းအချက်အလက် ပို၍ပြည့်စုံစွာရရှိရန် လိုသည်။

နိုင်ငံပိုင်များနှင့်ပတ်သက်ပြီး အညွှန်းကိန်းပါ အချက်အလက်များကို ကြည့်မည်ဆိုပါက ပြဿနာဖြစ်နိုင်သည့် နေရာအများအပြားများကို မြင်ရမည်ဖြစ်သည်။ လုပ်ငန်းဆိုင်ရာသတင်းအချက်အလက်များဖွင့်ပြခြင်း၊ နိုင်ငံပိုင်လုပ်ငန်းများစီမံမှု နှင့်ဆိုင်သည် စည်းမျဉ်းများအတွက် နိုင်ငံပိုင်လုပ်ငန်းများ၏ ပျမ်းမျှရမှတ်မှာ ၅၆ မှတ်ဖြစ်သော်လည်းရေနံ၊ ဓာတ်ငွေ့၊ တွင်းထွက်များ ရောင်းချခြင်းနှင့်ပတ်သက်ပြီ ပျမ်းမျှရမှတ်မှာ ၂၂ မှတ်သာရှိသည်။ ဥပမာအားဖြင့် အီကွေဒေါ၊ ကူဝိတ်၊ မက္ကဆီကို၊ဆော်ဒီအာရေဗျ၊ ဆူဒန်၊အာရပ်စော်ဘွားများနိုင်ငံ၊ ဗင်နီဇွဲလားနိုင်ငံများမှ နိုင်ငံပိုင်လုပ်ငန်းများသည် နိုင်ငံပိုင်ရေနံများရောင်းချခြင်းနှင့် ဆိုင်သည့် အချက်အလက်အနည်းငယ်ကိုသာထုတ်ပြန်သည်။ ရေနံထုတ်လုပ်သည့် နိုင်ငံအများစုတွင် ယင်းကဲ့သို့ရောင်းချရသည်ဝင်ငွေသည် သယံဇာတဝင်ငွေ၏ အများစုဖြစ်နေသောကြောင့် ယင်းကိစ္စသည်အရေးကြီးသည်။ အားကောင်းသည့် စီမံကြီးကြပ်မှုမရှိပါက လာဘ်စားဖောက်ပြန်မှုဖြစ်ပေါ်ရန် အလားအလာများသည်။ [၁၃]

## သယံဇာတရန်ပုံငွေ

အဆင့်သတ်မှတ်ချက်ပြုလုပ်ရန်အတွက် နိုင်ငံရန်ပုံငွေ ၃၃ ခုကို ဆန်းစစ်မှုများပြုလုပ်ခဲ့ပြီ ယင်းတို့၏စုစုပေါင်း တန်ကြေးသည် အနည်းဆုံး ၃.၃ ထရီလီယံရှိသည်။ ရန်ပုံငွေများကို လေ့လာခြင်းဖြင့် စီမံမှုအရည်အသွေး အမျိုးမျိုးကိုမြင်တွေ့နိုင်သည်။ အဆင့်သတ်မှတ်ချက်အရ ကိုလံဘီယာ၏ (savings and stabilization fund) သည် စီမံမှုအကောင်းဆုံးရန်ပုံငွေ ဖြစ်သည်။ စီမံမှုရမှတ်အကောင်းဆုံး ထိပ်တန်းရောင်းပုံငွေ ၆ ခုတွင် ဂါနာ၊ တီမောလက်စ်တီ ကဲ့သို့သော နိုင်ငံများမှ ရန်ပုံငွေ လည်းပါဝင်သည်။ အဆင့်သတ်မှတ်ချက် အမှတ်ပေးစနစ်အရ ချီလီ၊ ကိုလံဘီယာနှင့်ဂါနာတို့၏ ရန်ပုံငွေစီမံမှုရမှတ်သည် ကနေဒါ နှင့် နော်ဝေနိုင်ငံတို့ထက် ပိုသည်။

အထူးစိုးရိမ်ရမည့် ကိစ္စတခုမှာ ဖရိုဖရဲအဆင့်ရောက်နေသည့် ရန်ပုံငွေ ၁၁ ခုရှိသည်။ ယင်းတို့အနက် အာရပ်စော်ဘွားများနိုင်ငံ၏ (Abu Dhabi Investment Authority) လည်းပါဝင်သည်။ အညွှန်းကိန်းအတွက် ဆန်းစစ်ခဲ့ရာတွင် ရန်ပုံငွေပမာဏ ဒုတိယအများဆုံးဖြစ်ပြီး အမေရိကန်ဒေါ်လာ ဘီလီယံ ၅၉၀ ကို စီမံလျက်ရှိသည်။ ရမှတ်အနည်းဆုံးရသည့် ရန်ပုံငွေများတွင် အလွန်အကျွံစွန့်စားခြင်း၊ စီမံစရိတ်များပြားခြင်း၊ နိုင်ငံရေးအကျိုးအမြတ်မျှော်သည့် ရင်းနှီးမြှုပ်နှံခြင်းများကို တွေ့မြင်ရသည်။ [၁၄] အလွယ်တကူဖော်ထုတ်မရနိုင်သည့် စီမံမှုအလွဲများလည်း အများအပြားရှိနေနိုင်သေးသည်။ အယ်ဂျီရီးယား၊ အန်ဂိုလာ၊ ချက်ဒ်၊ အီကွေတိုရီယယ်ဂီနီယာ၊ ဂါဘွန်၊နိုင်ဂျီးရီးယား၊ ကာတာ၊ ဆော်ဒီအာရေဗျ၊ ဆူဒန်နှင့် ဗင်နီဇွဲလားတို့မှ သယံဇာတရန်ပုံငွေစီမံမှုမှာ သိုသိပ်လွန်းသဖြင့် စီမံမှုအလွဲများကြောင့်ဆုံးရှုံးမှု ပမာဏမည်မျှရှိသည် သို့မဟုတ် ရန်ပုံငွေ ရင်းနှီးမြှုပ်နှံမှုများမှ အမြတ်များကို မည်သူက ခံစားနေသည်ကို စုံးစမ်း၍မရပါ။

# နိုင်ငံပိုင်လုပ်ငန်းများ

| နိုင်ငံ | နိုင်ငံပိုင်လုပ်ငန်းများ | စုစုပေါင်းရောင်းရငွေ အမေရိကန်ဒေါ်လာ သန်းပေါင်း၊ ခုနှစ် | ပေးမှတ်၁၀၀တွင် ရရှိသည့်အမှတ်ပေါင်း |
|---|---|---|---|
| ချီလီ | Codelco | ၁၁,၆၉၃ | ၉၀ |
| အိန္ဒိယ | Oil and Natural Gas Corporation of India | ၂၃,၃၇၄ | ၈၇ |
| အာဂျင်တီးနား | Yacimientos Petrolíferos Fiscales | ၁၄,၂၃၆ | ၈၃ |
| နော်ဝေ | Statoil | ၄၅,၈၇၃ | ၈၀ |
| မော်ရိုကို | Office Chérifien des Phosphates | ၄,၈၉၀ | ၇၉ |
| အင်ဒိုနီးရှား | Antam | ၆၈၀ | ၇၈ |
| ယူကရိန်း | Naftogaz | ၆,၅၉၆ | ၇၆ |
| ဂါနာ | Ghana National Petroleum Corporation | ၁၈၀ | ၇၅ |
| ထရီနီဒက်နှင့်တိုဘာဂို | Petroleum Company of Trinidad and Tobago Limited | ၃,၀၄၇ | ၇၅ |
| မက္ကဆီကို | Petróleos Mexicanos | ၅၂,၂၄၁ | ၇၄ |
| ကိုလံဘီယာ | Ecopetrol | ၁၈,၉၉၈ | ၇၃ |
| ဘိုလီးဗီးယား | Yacimientos Petrolíferos Fiscales Bolivianos | ၆,၈၁၂ | ၇၀ |
| အဇာဘိုင်ဂျန် | State Oil Company of the Azerbaijan Republic | ၃၂,၃၀၉ | ၇၀ |
| ဖိလစ်ပိုင် | Philippine Mining Development Corporation | ၂ | ၇၀ |
| ဇမ်ဘီယာ | Zambia Consolidated Copper Mines Investment Holdings | ၁၆၃ | ၆၉ |
| အင်ဒိုနီးရှား | Pertamina | ၄၁,၇၆၃ | ၆၆ |
| တူနီးရှား | Entreprise Tunisienne des Activités Pétrolière | ၆၂၁ | ၆၆ |
| အီရတ် | South Oil Company | စာရင်းမရ | ၆၆ |
| ကူဝိတ် | Kuwait Petroleum Company | ၁၀၆,၀၀၂ | ၆၅ |
| မလေးရှား | Petronas | ၆၃,၄၁၂ | ၆၅ |
| ဘရာဇီး | Petrobras | ၉၇,၃၁၄ | ၆၅ |
| တောင်အာဖရိက | African Exploration Mining and Finance Corporation | ၁၈ | ၆၅ |
| တန်ဇန်းနီးယား | Tanzania Petroleum Development Corporation | ၃၅ | ၆၄ |
| ဗီယက်နမ် | PetroVietnam | ၇,၂၃၂ | ၆၄ |
| ကာဇက်စတန် | Kazmunaigaz | ၄၉၂ | ၆၃ |
| အိုင်ဗရီကိုစ့် | Société Nationale d'Opérations Petrolière de Cote d'Ivoire | ၅၃၉ | ၆၁ |
| ဗင်နီဇွဲလား | Petróleos de Venezuela | ၅၅,၃၃၉ | ၅၈ |
| တရုတ် | China National Petroleum Company | ၆၈,၄၁၉ | ၅၈ |
| အန်ဂိုလာ | Sonangol | ၁၉,၁၃၅ | ၅၆ |
| ရုရှား | Gazprom | ၉၀,၅၇၁ | ၅၆ |
| အီကွေဒါ | Petroecuador | ၈,၁၇၄ | ၅၆ |
| ကာတာ | Qatar Petroleum | ၄၆၃,၃၅၅ | ၅၅ |
| ဘင်္ဂလားဒေ့ရှ် | Petrobangla | ၁,၀၃၉ | ၅၄ |
| မိုဇမ်ဘစ် | Empresa Nacional de Hidrocarbonetos | ၁၁၅ | ၅၃ |
| ကင်မရွန်း | National Hydrocarbons Corporation | ၁,၀၉၆ | ၅၂ |
| အရှေ့တီမော | Timor Gás & Petróleo, Empresa Pública | ၁၀ | ၅၀ |
| ကာဂျစ် | Kyrgyzaltyn | ၄၈၅ | ၅၀ |
| ပါပူအာ နယူးဂီနီ | Petromin | ၇၆ | ၄၉ |

| နိုင်ငံ | နိုင်ငံပိုင်လုပ်ငန်းများ | စုစုပေါင်းရောင်းရငွေ အမေရိကန်ဒေါ်လာ သန်းပေါင်း၊ ခုနှစ် | ပေးမှတ်၁၀၀တွင် ရရှိသည့်အမှတ်ပေါင်း |
|---|---|---|---|
| အယ်လ်ဂျေးရီးယား | Sonatrach | ၇၀,၃၆၆ | ၄၇ |
| ချက်ဒ် | Sociètè des Hydrocarbures du Tchad | စာရင်းမရ | ၄၆ |
| ဇင်ဘာဘွေ | Zimbabwe Mining Development Corporation | ၃၀၇ | ၄၅ |
| နိုင်ဂျီးရီးယား | Nigeria National Petroleum Corporation | ၆,၉၉၂ | ၄၄ |
| ဥဇဘက်ကစ္စတန် | Uzbekneftegaz National Holding Company | စာရင်းမရ | ၄၁ |
| ဂါနာ | Sankofa Prestea Limited | ၁၉ | ၄၁ |
| ကွန်ဂို | Société Nationale des Pétroles du Congo | စာရင်းမရ | ၄၀ |
| မွန်ဂိုလီးယား | Erdenes Mongol | ၁,၂၄၆ | ၄၀ |
| ယီမင် | Yemen Oil and Gas Corporation | စာရင်းမရ | ၄၀ |
| ကျူးဘား | Unión Cuba-Petroleo | စာရင်းမရ | ၃၉ |
| မော်ရီတန်နီးယား | Société Nationale Industrielle et Minière | ၁,၁၁၇ | ၃၈ |
| ဂီနီ | Société Guinéenne du Patrimoine Minier | ၁ | ၃၈ |
| မာဒါဂါစကာ | Kraomita Malagasy | စာရင်းမရ | ၃၆ |
| အီဂျစ် | Egyptian General Petroleum Corporation | စာရင်းမရ | ၃၆ |
| ကွန်ဂို | Gécamines | စာရင်းမရ | ၃၅ |
| နိုင်ဂျာ | Société de Patrimoine des Mines du Niger | ၁၂၇ | ၃၅ |
| တူနီရှား | Compagnie de Phosphate de Gafsa | ၂၆၀ | ၃၅ |
| မြန်မာ | Myanmar Oil and Gas Enterprise | စာရင်းမရ | ၃၅ |
| တန်ဇန်နီးယား | State Mining Corporation | စာရင်းမရ | ၃၃ |
| လစ်ဗျား | National Oil Corporation | စာရင်းမရ | ၃၂ |
| အိုမန် | Oman Oil Company | ၇၂၄ | ၃၂ |
| ဘာရိန်း | Bahrain Petroleum Company | ၅,၃၁၀ | ၃၂ |
| ဘော့ဆွာနာ | Debswana | ၃,၉၂၂ | ၂၉ |
| တောင်ဆူဒန် | Nile Petroleum Corporation | စာရင်းမရ | ၂၈ |
| ဆော်ဒီအာရေဗျ | Saudi Aramco | စာရင်းမရ | ၂၇ |
| အာရပ်စော်ဘွားများနိုင်ငံ | Abu Dhabi National Oil Company | စာရင်းမရ | ၂၇ |
| ကွန်ဂို | Société Nationale des Hydrocarbures (previously Cohydro) | စာရင်းမရ | ၂၅ |
| အီသီယိုးပီးယား | Adola Gold Mine | စာရင်းမရ | ၂၄ |
| အီရန် | National Iranian Oil Company | စာရင်းမရ | ၂၂ |
| မြန်မာ | Myanmar Gems Enterprise | စာရင်းမရ | ၁၆ |
| ဆူဒန် | Sudanese Petroleum Corporation | စာရင်းမရ | ၁၃ |
| ယူဂန်ဒါ * | Uganda National Oil Company | ၀ | ၁၃ |
| ဂါဘွန် | Gabon Oil Company | စာရင်းမရ | ၁၁ |
| တာခ့်မင်စတန် | Turkmengas State Concern | စာရင်းမရ | ၁၀ |
| အီကွေတာ ဂီနီယာ | GEPetrol | စာရင်းမရ | ၇ |
| အီထရီယာ | Eritrean National Mining Corporation | စာရင်းမရ | ၄ |

* ယူဂန်ဒါနိုင်ငံပိုင် ရေနံကုမ္ပဏီကို ၂၀၁၆ နှစ်လည်တွင်မှ ဖွဲ့စည်းခြင်းဖြစ်သည်။ လုပ်ငန်းဆောင်ရွက်မှုမရှိသလောက် ဖြစ်သောကြောင့် နိုင်ငံပိုင်လုပ်ငန်းအောက် ခေါင်းစဉ်ခွဲများမှ အညွှန်းကိန်းများနှင့် သက်ဆိုင်ခြင်းမရှိလှပါ။ စီမံမှုနှင့်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများ အပြည့်အစုံမရှိသေးသောကြောင့် အဆင့်သတ်မှတ်ချက်လေ့လာသူများအနေဖြင့် ကုမ္ပဏီ၏ စွမ်းဆောင်ရည်ကို အကဲဖြတ်သောအခါ ဆင်ခြင်ရမည်ဖြစ်သည်။

# သယံဇာတရန်ပုံငွေ

| နိုင်ငံ | နိုင်ငံပိုင်လုပ်ငန်းများ | စုစုပေါင်းရောင်းရငွေ အမေရိကန်ဒေါ်လာ သန်းပေါင်း၊ ခုနှစ် | ပေးမှတ်၁၀၀တွင် ရှိသည့်အမှတ်ပေါင်း |
|---|---|---|---|
| ကိုလံဘီယာ | Savings and Stabilization Fund | ၃,၂၄၀ | ၁၀၀ |
| ကိုလံဘီယာ | Savings and Stabilization Fund | ၃,၂၄၀ | ၁၀၀ |
| ဂါနာ | Ghana Stabilization Fund | ၂၀၈ | ၉၃ |
| ချီလီ | Economic and Social Stabilisation Fund | ၁၃,၉၆၆ | ၉၂ |
| နော်ဝေ | Government Pension Fund Global | ၉၂၆,၉၄၀ | ၉၀ |
| အရှေ့တီမော | Petroleum Fund | ၁၆,၂၃၈ | ၈၈ |
| ကနေဒါ(အယ်လ်ဘာတာ) | Alberta Heritage Savings Trust Fund | ၁၇,၉၀၀ | ၈၈ |
| ထရီနီဒက်နှင့်တိုဘာဂို | Heritage and Stabilization Fund | ၅,၈၈၀ | ၇၄ |
| အီရန် | National Development Fund of Iran | ၅၃,၃၀၇ | ၇၀ |
| ပီရူး | Fiscal Stabilization Fund | ၇,၉၀၄ | ၆၉ |
| ကာဇက်စတန် | National Fund of Kazakhstan | ၆၂ | ၆၇ |
| ဘော့ဆွာနာ | Pula Fund | ၆,၀၄၀ | ၆၅ |
| ဩစတေးလျ | Western Australian Future Fund | ၃၀၀ | ၆၁ |
| ကူဝိတ် | Kuwait Investment Authority | ၅၂၄,၀၀၀ | ၆၁ |
| အဇာဘိုင်ဂျန် | State Oil Fund of the Republic of Azerbaijan | ၃၃,၆၀၀ | ၅၂ |
| အိုမန် | State General Reserve Fund | ၃၄,၀၀၀ | ၄၇ |
| မက္ကဆီကို | Oil Revenues Stabilization Fund | ၅,၉၀၁ | ၄၅ |
| မလေးရှား | National Trust Fund | ၃,၀၁၉ | ၄၂ |
| မွန်ဂိုလီးယား | Fiscal Stability Fund | ၂၅၀ | ၄၂ |
| ရုရှား | National Wealth Fund | ၇၃,၅၇၀ | ၄၀ |
| ယူဂန်ဒါ | Petroleum Revenue Investment Reserve | ၇၂ | ၃၆ |
| လစ်ဗျား | Libyan Investment Authority | ၆၇,၀၀၀ | ၃၂ |
| ဘာရိန်း | Future Generations Reserve Fund | ၄၀၀ | ၃၂ |
| အန်ဂိုလာ | Fundo Soberano de Angola | ၄,၈၈၂ | ၂၅ |
| ဂါဘွန် | Fonds Souverain de la République Gabonaise, Fonds Gabonais d'Investissements Stratégiques | ၁,၀၀၀ | ၂၃ |
| ဗင်နီဇွဲလား | Fondo de Desarollo Nacional | ၁၇,၂၅၀ | ၂၂ |
| အာရပ်စော်ဘွားများနိုင်ငံ | Abu Dhabi Investment Authority | ၅၈၉,၈၀၀ | ၂၁ |
| အယ်လ်ဂျေးရီးယား | Fonds de Régulation des Recettes | ၇,၅၇၀ | ၂၁ |
| ဆော်ဒီအာရေဗျ | SAMA Foreign Holdings | ၅၁၄,၀၀၀ | ၁၈ |
| ချက်ဒ် | Mécanisme de stérilisation des revenus pétroliers provenant de l'exploitation des trois champs de Komé, Miandoum et Bolobo | စာရင်းမရ | ၁၇ |
| အီကွေတာ ဂီနီယာ | Fund for Future Generations | ၈၀ | ၇ |
| ဆူဒန် | Oil Revenue Stabilisation Account | စာရင်းမရ | ၇ |
| နိုင်ဂျီးရီးယား | Excess Crude Account | ၂,၄၀၀ | ၄ |
| ကာတာ | Qatar Investment Authority | ၃၃၈,၄၀၀ | ၄ |

မှတ်ချက်။ နိုင်ငံပေါ်တွင်မူတည်၍ ၂၀၁၅ သို့မဟုတ် ၂၀၁၆ စီမံမှု အပေါ်အကဲဖြတ်အမှတ်ပေးခြင်းဖြစ်သည်။

## ပွင့်လင်းမြင်သာမှု နှင့် နိုင်ငံသားအခွင့်အရေး

အစိုးရများ၏ တာဝန်ခံမှုကိုဖော်ထုတ်လိုသည့် နိုင်ငံသားများအတွက် အထူးအရေးပါသည့် ကိစ္စနှစ်ရပ်ဖြစ်သော ပွင့်လင်းမြင်သာမှု နှင့် နိုင်ငံသားအခွင့်အရေးကျင့်သုံးနိုင်မှုကိုလည်း အညွှန်းကိန်းတွင် အကဲဖြတ်ထားသည်။ ၎င်းတို့ အနီးအနားရှိ နိုင်ငံရေး၊ လူမှုရေးဌာနများကို လွတ်လပ်စွာနှင့်အနှစ်သာရရှိစွာ လွှမ်းမိုးနိုင်မှုရှိမရှိကို ဆန်းစစ်တိုင်းတာသည်။

## ပွင့်လင်းမြင်သာမှု

သယံဇာတတူးဖော်ရေးစီမံမှု နှင့်အဓိကသက်ဆိုင်သည့် မူဝါဒအချက်အလက်များ ဖွင့်ပြမှုအတိမ်အနက်၊ ဖွင့်ပြမှုပုံစံများကို အဆင့်သတ်မှတ်ချက်တွင် ဆန်းစစ်တိုင်းတာသည်။ အထူးအလေးထား ဆန်းစစ်ရမည့် ဖွင့်ဟထုတ်ပြန်မှု (disclosures) ၃ မျိုးရှိသည်။ အစိုးရသို့ပေးသွင်းသည့် အခွန်အခများ၊ အစိုးရနှင့်ဆောင်ရွက်သည့် လုပ်ငန်းများမှ အကျိုးအမြတ်ရနေသည့် ကုမ္ပဏီများမှ ပုဂ္ဂိုလ်များ၏ ပုဂ္ဂိုလ်ရေးအချက်အလက်များ၊ ကုမ္ပဏီနှင့် အစိုးကြားမှ အပေးအယူ သဘာတူညီချက်များ ကိုသိရှိရန် လိုအပ်သည်။

အစိုးရအသုံးပြုနိုင်သည့် ဝင်ငွေပမာဏမည်မျှရှိသည်၊ ကုမ္ပဏီအနေဖြင့် ပေးဆောင်ရမည့်အခွန်အပြည့်အဝ ပေးသွင်းခြင်းရှိမရှိ၊ တူးဖော်မှုပြုလုပ်နေသည် စီမံကိန်းသည် နိုင်ငံအတွက်အကျိုးရှိမရှိကို စောင့်ကြည့်လိုသည့် နိုင်ငံသားများ၊ သတင်းစာဆရာများ၊ လွှတ်တော်အမတ်များအတွက် ကုမ္ပဏီများမှ အစိုးရသို့ပေးသွင်းသည် ပမာဏနှင့်ဆိုင်သည့် အချက်အလက်များသိရှိရန်မှာ အလွန်အရေးပါးသည်၊ အသုံးတည့်သည်မတည့်သည်မှာ အချက်အလက်များ၏တိကျအသေးစိတ်ကျမှုပေါ်တွင် မူတည်သည်။ အညွှန်းကိန်းပြုစုရာတွင် ကုမ္ပဏီအလိုက် ပေးသွင်းသည့် အခွန်အခများထုတ်ပြန့်မှု အတိုင်းအတာကို ဆန်းစစ်သည်။ အဆင့်သတ်မှတ်ချက်ပါ နိုင်ငံတဝက်ခန့်သည် ကုမ္ပဏီတခုမှ အစိုးရသို့ပေးသွင်းသည် အခွန်အခစုစုပေါင်းကိုသာ ဖော်ပြကြသည်။ သတင်းအချက်အလက်တိကျမှုနှင့် ပတ်သက်လာလျှင်တော့ ယခင်ကို NRGI သုံးသပ်မှုတွင် တင်ပြခဲ့သည့် တူးဖော်သည့် လုပ်ငန်းခွင်တခုခြင်းမှ အစိုးရသို့ ပေးသွင်းရန်လိုအပ်သည် ငွေကြေးပမာဏကို ဖော်ပြသည့် စီမံကိန်းအဆင့် အစီရင်ခံမှုအတိုင်း ကျင့်သုံးဆောင်ရွက်သည်ဆိုသည်မှာ ရှားပါးလှသည်။

ကုမ္ပဏီအလိုက် အခွန်အခပေးသွင်းမှု ဖွင့်ပြသည့်နိုင်ငံအများစုမှာ သယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်သည့် လုပ်ငန်းစဉ် (Extractive Industries Transparency Initiative) အဖွဲ့ဝင်နိုင်ငံများဖြစ်သည်။ ကုမ္ပဏီများ ပေးသွင်းမှုအပိုင်း ပွင့်လင်းမြင်သာမှုနှင့်ပတ်သက်လာလျှင် နိုင်ငံတကာစံနှုန်းအတိုင်း ဖြစ်ပေါ်စေရန် EITI က လမ်းဖွင့်ပေးခဲ့သည်ဟု ဆိုနိုင်သည်။ သို့သော်လည်း စီမံကိန်းအဆင့်ထိ ပွင့်လင်းမြင်သာမှု ဖော်ဆောင်နိုင်ရန် နိုင်ငံများအနေဖြင့် ဆောင်ရွက်နိုင်ရန် ကိစ္စများစွာ ကျန်ရှိနေဆဲဖြစ်သည်။

ကုမ္ပဏီများသည် အခွန်အခများ ရှောင်ရှားနိုင်ရန်အတွက် လုပ်ငန်းဖွဲ့စည်းပုံအကာအကွယ်ယူနေခြင်းရှိမရှိ၊ အာဏာပိုင်များအနေဖြင့် ၎င်းတို့ကြပ်မတ်ရန် တာဝန်ရှိသည့် လုပ်ငန်းများတွင် ကိုယ်ကျိုးစီးပွားပါဝင်နေမှုရှိ မရှိကို နိုင်ငံသားများအနေဖြင့် သိရှိနိုင်ရန်အစိုးရအာဏာပိုင်များ၊ ကုမ္ပဏီများသည် စီးပွားရေးအကျိုးအမြတ်ဆိုင်ရာ ကိစ္စအဝဝနှင့်ဆိုင်သည့် အချက်အလက် အမျိုးမျိုးကို ထုတ်ပြန်ပေးရမည်ဖြစ်သည်။ အဆင့်သတ်မှတ်ချက်အတွက် ဖွင့်ပြထုတ်ပြန်မှု ၂ မျိုးကို ဆန်းစစ်မှုများပြုလုပ်ခဲ့သည်။ ကုမ္ပဏီများတွင် ပါဝင်ထည့်သွင်းထားသည့် အစိုးရအာဏာပိုင်များ၏ ငွေကြေးအရင်းအနှီး၊ ကုမ္ပဏီများ၏ အမှန်တကယ် အကျိုးခံစားခွင့်ရှိသူ (ကုမ္ပဏီကို အပြည့်အဝထိန်းချုပ်ထားသူ သို့မဟုတ် ကုမ္ပဏီလုပ်ငန်းများမှ အကျိုးခံစားခွင့်ရရှိနေသူ)၏ အချက်အလက်များ ဖွင့်ပြမှုအခြေအနေကို ဆန်းစစ်သည်။ အညွှန်းကိန်းကို လေ့လာကြည့်မည်ဆိုပါက အစိုးရအမှုထမ်းများ အနေဖြင့် ၎င်းတို့၏ ဘဏ္ဍာရေးပိုင်ဆိုင်မှုများကို လူသိရှင်ကြား သို့မဟုတ် အစိုးရအာဏာပိုင်များသို့ ဖွင့်ပြရန် ဥပဒေများအရ သတ်မှတ်ထားသည့် နိုင်ငံအရေအတွက်မှာ အများစုဖြစ်သည်။ သို့သော်လည်း ဆန်းစစ်မှုပြုလုပ်ခဲ့သည် ၈၉ နိုင်ငံအနက် ၁၁ နိုင်ငံသည်သာ အစိုးရအမှုထမ်းများ၏ ပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များ အပြည့်အစုံကို အများပြည်သူသိရှိစေရန် ချပြနိုင်ခဲ့သည်။ အမှန်တကယ် အကျိုးခံစားနေရသည့် ပုဂ္ဂိုလ်များ၏ အချက်အလက်များကို အများပြည်သူသိရှိစေရန် ထုတ်ပြန်မှုမှာ အမည်ခံမျှသာဖြစ်သည်။ အကျိုးခံစားခွင့်ရှိသူနှင့်ဆိုင်သည့် အချက်အလက်များကို ဖော်ပြစေသည့် ဥပဒေသတ်မှတ်ရန် နိုင်ငံအများအပြားတွင် အစီအစဉ်ရှိနေသော်လည်း (EITI လုပ်ငန်းစဉ်အရသော်လည်းကောင်း) အမှန်တကယ် ဥပဒေချမှတ်ကျင့်သုံးနေသည်နိုင်ငံများမှာ ၅ နိုင်ငံသာရှိသည်။ ကုမ္ပဏီမှတ်တမ်းယူသည့်အခါတွင် ယင်းအချက်အလက်ပါဝင်ရမည့်ဟု သတ်မှတ်ထားသည် နိုင်ငံအရေအတွက်မှာ ၅ နိုင်ငံပင် မပြည့်ပါ။ အကျိုးခံစားခွင့်ရှိသူနှင့်ဆိုင်သည့် အချက်အလက်ကိုဖော်ပြရန်၊ အများပြည်သူသို့ တင်ပြရန် ဥပဒေချမှတ်သည့်နိုင်ငံများတွင်ပင် ပြဋ္ဌာန်းချက်များနှင့် လက်တွေ့အကောင်အထည်ဖော်မှုအပိုင်းတွင် ထိရောက်မှုရှိစေရန် ပြင်ဆင်မှုများ အင်တိုက်အားတိုက်ဆောင်ရန်လိုအပ်နေသည်။


နိုင်ငံတွင်းတူးဖော်နေသည့် စီမံကိန်းများ၏ ကတိကဝတ်နှင့်စည်းကမ်းသတ်မှတ်ချက်များကို နိုင်ငံသားများအနေဖြင့် သိရှိရန်လိုအပ်သည်။ ၎င်းကတိကဝတ်နှင့် စည်းကမ်းသတ်မှတ်ချက်များကို စာချုပ်များ၊ လိုင်စင်သဘောတူညီချက်များ ဖော်ပြထားသည်။ ဆန်းစစ်မှုပြုလုပ်ခဲ့သည့် နိုင်ငံ ၈၉ နိုင်ငံတွင် စာချုပ်နှင့် လိုင်စင်များဖွင့်ပြရန် ဥပဒေအရပြဋ္ဌာန်းထားသည်နိုင်ငံ ၂၂ နိုင်ငံသာရှိသည်။ စာချုပ်ဖွင့်ပြရန် ပြဋ္ဌာန်းမှုကို ဆာဟာရအနီး အာဖရိကနိုင်ငံများတွင် အများဆုံး တွေ့မြင်ရပြီး ယူရေရှား၊ အနောက် ဥရောပ ၊မြောက်အမေရိကတို့တွင် တွေ့မြင်ရမှု အနည်းဆုံးဖြစ်သည်။ ဖွင့်ပြထုတ်ပြရန် ဥပဒေသတ်မှတ်ချက်ရှိပါက စာချုပ်ဖွင့်ပြမှု အကြိမ်အရေအတွက် မြင့်တက်လာသည်ကို အဆင့်သတ်မှတ်ချက်ပါ အချက်အလက်များအရ အတည်ပြုနိုင်ခဲ့သည်။ ဖွင့်ပြရန်ဥပဒေပြဋ္ဌာန်းထားသည့် နိုင်ငံပေါင်း ၂၂ နိုင်ငံအနက် ၁၆ နိုင်ငံမှအစိုးရသည် အချို့သောစာချုပ်များကို ဖွင့်ပြထုတ်ပြန်ခဲ့သည်။ ဆန့်ကျင့်ဘက်အနေဖြင့် ဖွင့်ပြထုတ်ပြန်ရန် ဥပဒေပြဋ္ဌာန်းထားမှု မရှိသည့် နိုင်ငံ ၆၇ နိုင်ငံအနက် ၁၈ နိုင်ငံမှ အစိုးရများသည် စာချုပ်များကို ထုတ်ပြန်ခဲ့သည်။

### နိုင်ငံသားအခွင့်အရေးထုတ်ပြန်ကျင့်သုံးနိုင်မှု

သတင်းအချက်အလက်များကို စောင့်ကြည့်၊ ပြန်လည်သုံးသပ်မည့် တက်ကြွသော၊ အချက်အလက်အပြည့်အစုံ ရရှိထားသော အရပ်ဘက်လူအဖွဲ့အစည်းမရှိပါက စာချုပ်စာတမ်းများနှင့် လိုင်စင်များကဲ့သို့သော စီးပွားရေးနှင့်ဆိုင်သည့် ကိစ္စရပ်များ ဖွင့်ပြထုတ်ပြန်မှုအတွက် လုပ်ဆောင်ချက်များသည် မျှော်မှန်းသကဲ့သို့ အကျိုးထူးမည်မဟုတ်ပါ။ နိုင်ငံသားများ အခွင့်အရေး ကျင့်သုံးမှုဆိုရာတွင် အစိုးရများအနေနှင့် တာဝန်ခံမှုရှိရန် ဖွင့်ပြထုတ်ပြန်ထားသည့် အချက်အလက်များကို နိုင်ငံသားများအနေနှင့် လွတ်လပ်စွာ ကိုကားအသုံးချနိုင်ခွင့်လည်းပါဝင်ပါသည်။ ဖွင့်ပြထုတ်ပြန်မှုအပိုင်းတွင် တိုးတက်မှုအချို့ရှိသော်လည်း နိုင်ငံသားများ၏အခွင့်အရေးကျင့်သုံးခွင့်ကို အထူးတင်းကျပ်ထားသည့် အဇာဘိုင်ဂျန်၊ တရုတ်၊ ဗီယက်နမ်ကဲ့သို့သော နိုင်ငံများလည်းရှိသည်။ အချက်အလက်များကို အတိုင်းအတာတခုထိ ထုတ်ပြန်သည်။ သို့သော်လည်း တာဝန်ခံမှု၊ ပြည်သူ့အသံနာခံမှုတွင် အလွန်အခြေအနေဆိုး သည့်နိုင်ငံများဖြစ်သည်။ နိုင်ငံသားများအနေဖြင့် အစိုးရရွေးချယ်ရာတွင် ပါဝင်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ စုရုံးခွင့်၊ သတင်းစာလွတ်လပ်ခွင့် အစရှိသည်များကို တိုင်းတာဆန်းစစ်ပြီး သတ်မှတ်ခြင်း ဖြစ်သည်။ သတင်းစာဆရာများနှင့် နိုင်ငံသားများအနေဖြင့် ဆွေးနွေးမှုအတွက်၊ အစိုးရကို မေးခွန်းထုတ်ရန်အတွက် အချက်အလက်များ အသုံးချခွင့်မရသရွေ့ ပွင့်လင်းမြင်သာမှုသည် တာဝန်ခံမှုနှင့် ကင်းကွာနေအုံးမည်ဖြစ်ပြီး တူးဖော်မှုအကျိုးအမြတ်များ အပြည့်အဝ ရရှိရန်မှာလည်း အလှမ်းဝေးနေအုံးမည်ဖြစ်သည်။

ပို၍ဆိုးသည့်အချက်မှာ နိုင်ငံသားများ၏ အခွင့်အရေးကိုပိတ်ပင်ထားသည့် နိုင်ငံအများစုတွင် ခိုးကြောင်ခိုးဝှက် ဆောင်ရွက်မှုများ၊ ကဏ္ဍအလိုက်စီမံမှုများညံ့ဖျင်နေခြင်းကို တစုတစည်းတည်း တွေ့ရလေ့ရှိသည်။ အညွှန်းကိန်းရလဒ်အရဆိုလျှင် နိုင်ငံသားများအခွင့်အရေးကို အပြည့်အဝနေရာပေးသည့် အစိုးရအများစု၏စီမံမှု အရည်အသွေးမှာ ကောင်းမွန်သည်ကို တွေ့မြင်ရသည်။ လုပ်ငန်းအဆင်ပြေစွာဆောင်ရွက်နိုင်မှု ခေါင်းစဉ်ခွဲအောက်ရှိ ခေါင်းစဉ်များအနက် ပြည်သူ့အသံနှင့်တာဝန်ခံမှုကိစ္စရပ်သည် သယံဇာတတန်ဖိုးသတ်မှတ်ခြင်း၊ အခွန်ဝင်ငွေစီမံမှုကိစ္စရပ်များတွင် နိုင်ငံ၏စွမ်းဆောင်နိုင်မှုနှင့် အထူးဆက်စပ်နေသည်။ ပြည့်သူအသံနှင့်တာဝန်ခံမှု အပိုင်းရလဒ် ကောင်း သို့မဟုတ် သင့်ရ သည်နိုင်ငံများသည် တန်ဖိုးသတ်မှတ်ခြင်း၊ အခွန်ဝင်ငွေစီမံခြင်းကိစ္စများတွင် ရလဒ်ကောင်းများရလေ့ရှိသည်။

## ပြည်သူ့အသံနှင့် တာဝန်ခံမှုရမှတ် ကောင်း သို့မဟုတ် သင့် ရသည့်နိုင်ငံများသည် တန်ဖိုး သတ်မှတ်ခြင်း၊ အခွန်ဝင်ငွေစီမံခြင်းတို့တွင် အခြေအနေကောင်းမွန်သည်။



# အကြံပြုချက်များ

နိုင်ငံများနှင့်နိုင်ငံတကာအသိုင်းအဝိုင်းတွင်ကြုံတွေ့နေရသည့် အခက်အခဲ အများအပြားကို အညွှန်းကိန်းရလဒ်များဖြင့်ဖော်ထုတ်ထားသည်။ ယင်းအခက်အခဲများဖြေရှင်းရန်အတွက် ဘက်ပေါင်းစုံမှ ဆောင်ရွက်ရန်လိုသည်။ တကမ္ဘာလုံးအတိုင်းအတာနှင့်ဆောင်ရွက်နိုင်သည့်ကိစ္စရပ် ၆ ခုကိုအောက်တွင်ဖော်ပြထားပါသည်။

## ၁ လက်တွေ့အကောင်အထည်ဖော်မှုတွင် အာရုံစိုက်ရန်

တူးဖော်ရေးလုပ်ငန်းနှင့်ဆိုင်သည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများလက်တွေ့အကောင်အထည်ဖော်ခြင်းကို အစိုးရများအနေဖြင့် အာရုံစိုက်အလေးပေးရန်လိုအပ်သည်။ သဘာဝဝန်းကျင်၊ ဒေသခံရပ်ရွာများ၊ ပြည်နယ်များသို့ သယံဇာတဝင်ငွေခွဲဝေပေးခြင်း ကိစ္စရပ်များကဲ့သို့သော လက်တွေ့ဆောင်ရွက်မှုပိုင်း အားနည်းနေသည့် အပိုင်းများတွင် အထူးသဖြင့် အာရုံစိုက်ဆောင်ရွက်သင့်သည်။ နိုင်ငံအများစု၏ တူးဖော်ရေးလုပ်ငန်းဆိုင်ရာ ဥပဒေများနှင့်လုပ်ထုံးလုပ်နည်းများမှ ပြုပြင်ပြောင်းလဲမှု၊ မွမ်းမံထည့်သွင်းမှုများ ကြီးကြီးမားမား ပြုလုပ်ရန်လိုအပ်နေသည်။ အမှန်တကယ်ကြီးမားသည့်အခက်အခဲမှာ ယင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအကောင်အထည်ဖော်ရန် ဖြစ်သည်။

## ၂ အစိုးရများ၏ပွင့်လင်းမြင်သာမှု အခြေအနေကို ဆက်လက်မြင့်တင်ရန်

နိုင်ငံများအနေဖြင့် ပွင့်လင်းမြင်သာမှုအပိုင်းတွင် ကုမ္ပဏီများ၏ ပေးသွင်းမှုကို ဖွင့်ပြထုတ်ပြန်ခြင်းကဲ့သို့သော အဆင့်မြင့်တိုးတက်ဆောင်ရွက်မှုများကြီးကြီးမားမားပြုလုပ်ခဲ့ကြသည်။ သို့သော်လည်း ယင်းအချက်အလက်များသည် မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးမှုများ၊ ဆုံးဖြတ်မှုများတွင် အသုံးပြုနိုင်ရန် ပြည့်စုံ၊ အသေးစိတ်ကျရန်မှာ ပို၍ အရေးကြီးသည်။ နောက်တဆင့်ဆောင်ရွက်ရမည်မှာ ကုမ္ပဏီများ၏ အမှန်တကယ်အကျိုးခံစားခွင့်ရှိသူများဆိုင်ရာ အချက်အလက်၊ အစိုးရဝန်ထမ်းများ၊ ၄င်းတို့နှင့်နီးနွယ်ပုဂ္ဂိုလ်များ၏ စီးပွားရေးဆိုင်ရာအချက်အလက်များ၊ အစိုးရများ၏ အပေးအယူကိစ္စများ၊ စီမံကိန်းအဆင့်အလိုက် ကုမ္ပဏီများက အစိုးရများ သို့ပေးသွင်းသည့် အချက်အလက်များကို ဖော်ထုတ်ရန်ဖြစ်သည်။

## ၃ နိုင်ငံပိုင်လုပ်ငန်းများစီမံမှု တင်းကျပ်ရန်

သယံဇာတ ကြွယ်ဝသည့်နိုင်ငံများတွင် နိုင်ငံပိုင်လုပ်ငန်းများသည် အဓိကကျပြီး၊ လုပ်ရည်ကိုင်ရည်မပြည့်ဝသည်ကို နိုင်ငံအတော်များများတွင် တွေ့မြင်ရသည်။ အဆင့်သတ်မှတ်ချက်လေ့လာမှုအရ နိုင်ငံပိုင်လုပ်ငန်းများ၏ အကြီးမားဆုံးအားနည်းချက်မှာ ရေနံများရောင်းချခြင်း လုပ်ထုံးလုပ်နည်းများနှင့် အရောင်းပမာဏကို ဖွင့်ပြထုတ်ပြန် မှုမရှိခြင်းဖြစ်သည်။ ထို့ပြင် လုပ်ငန်းတွင်စီမံမှု ကိစ္စရပ်များကိုလည်းအဆင့်မြင့်တင် ဆောင်ရွက်ရန်လိုသည်။ အဆင့်သတ်မှတ်ချက်တွင် စွမ်းဆောင်ရည်ရမှတ် ကောင်းသည့်နိုင်ငံများမှ ဆောင်ရွက်ပုံများကို နိုင်ငံပိုင်လုပ်ငန်းမှာ ဝန်ထမ်းများအနေဖြင့် အတုယူနိုင်သည်။ လွတ်လပ်သည့်စီမံဘုတ်အဖွဲ့ဖွဲ့စည်းခြင်း၊ အတိအကျသတ်မှတ် ဖော်ထုတ်ထားသည့် လူမှန်လူတော်ရွေးချယ်ရေး လုပ်ငန်းစဉ်အတိုင်းလူခန့်ထားခြင်း၊ နိုင်ငံရေးအမြတ်ထုတ်ရန်ထက် နည်းပညာပိုင်း အမှန်တကယ်ကျွမ်းကျင်သူကို နေရာပေးခန့်ထားခြင်းအစရှိသည့်ဆောင်ရွက်ပုံကောင်းများကိုအတုယူနိုင်သည်။ [၁၅]

## ၄ နိုင်ငံသားအခွင့်အရေးကို ကာကွယ်ရန်၊ အကျင့်ပျက်လာဘ်စားမှုကို တိုက်ဖျက်ရန်

တူးဖော်ရေးလုပ်ငန်းများတွင် ကြုံတွေ့နေရသည့် အခက်အခဲများမှာ နည်းပညာပိုင်း အခက်အခဲများသာ မဟုတ်ကြောင်းကို လေ့လာမှုများတွင် ရှင်းရှင်းလင်းလင်းတွေ့မြင်နိုင်သည်။ နိုင်ငံသားများအနေဖြင့် အစိုးရရွေးချယ်ခြင်း၊ စောင့်ကြည့်ထိန်းကြောင်းခြင်းတွင် မပါဝင်ခြင်း၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာစုရုံးခွင့်များ ကန့်သတ်ခံရသည်ဆိုပါ တူးဖော်ရေးကဏ္ဍ စီမံဆောင်ရွက်မှုတွင် လစ်ဟာလျော့ရဲမှုများပေါ်ပေါက်လာသည်။ နိုင်ငံသားများ၊ သတင်းစာဆရာများအနေဖြင့် ထုတ်ဖော် ပြောဆိုခွင့်မရှိ၊ အစိုးရကို တာဝန်ခံစေရန် မဖြစ်နိုင်သည် သယံဇာတကြွယ်ဝသည့် နိုင်ငံအများစုတွင်နိုင်ငံသားအခွင့်အလမ်းများပွင့်လန်းလာရန်အတွက် စုပေါင်းအားထုတ်မှုများ ပြုလုပ်ရန်လိုအပ်နေသည်။ တရားဥပဒေစိုးမိုးရေးမရှိသည့် လုပ်ထုံးလုပ်နည်း လျော့ရဲပြီး၊ အကျင့်ပျက်လာဘ်စားမှုကိုထိရောက်စွာတိုက်ဖျက်နိုင်ခြင်းမရှိသည့်၊ တူးဖော်ရေးကဏ္ဍအတွက် သီးသန့်ပြဋ္ဌာန်းထားသည့် ဥပဒေများ၏ လွှမ်းမိုးမှုအကန့်အသတ်ရှိသည့် နိုင်ငံများတွင်လည်း နိုင်ငံသားများအခွင့်အရေးအတွက် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရန်လိုအပ်သည်။

## ၅ နိုင်ငံတကာစံချိန်စံနှုန်းများနှင့် နိုင်ငံတကာအဆင့်လုပ်ငန်းဌာနများကို ပြုပြင်တင်းကျပ်ခြင်း

တူးဖော်ရေးကုမ္ပဏီများ၊ နိုင်ငံတကာလုပ်ငန်းဌာနများနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ အခြေစိုက်ရာနိုင်ငံများမှ အစိုးရများအနေဖြင့် သဘာဝသယံဇာတ စီမံမှုအတွက် ချမှတ်ထားသည့် နိုင်ငံတကာမူဘောင်များ အားကောင်းခိုင်မာလာစေရန် အတူတကွပူပေါင်းဆောင်ရွက်ရန်လိုသည်။ နိုင်ငံတကာကုမ္ပဏီများ လုပ်ငန်းဆောင်ရွက်ပုံများကို လမ်းညွှန်နိုင်ရန်လည်း ပူပေါင်းဆောင်ရွက်သင့်သည်။ စီမံကိန်းအဆင့်အလိုက် ပေးသွင်းမှုများကို အစိုးရများထံသို့ မဖြစ်မနေဖွင့်ပြဖော်ထုတ်ရန် သတ်မှတ်ထားသည့် အမေရိကန်နိုင်ငံ၏ ဥပဒေအတည်ပြုရန် နှောင့်နှေး၍ မရေမရာဖြစ်နေသည်။ အီးယူနှင့် ကနေဒါကဲ့သို့သော နိုင်ငံများ အနေဖြင့် ၄င်းတို့ချမှတ်ထားသည့် ဥပဒေများကိုအခိုင်အမာကျင့်သုံးရန်လိုအပ်သည်။ ကုန်စည်နှင့်ဆက်စပ်သည့် ငွေဝင်ငွေထွက်စာရင်းများပါ တင်ပြစေခြင်းဖြင့် ဥပဒေကို တင်းကျပ်ရန်လိုအပ်သည်။ [၁၆]
OECD ၏လာဘ်စားမှုတိုက်ဖျက်ရေး သဘောတူညီချက် (Anti-Bribery Convention) ကိုလည်းအသုံးပြုရန်လိုအပ်သည်။ အစိုးရများအနေဖြင့် ၂၀၁၆ ခုနှစ်ယူကေတွင်ပြုလုပ်ခဲ့သည့်အကျင့်ပျက်လာဘ်စားမှု တိုက်ဖျက်ရေးထိပ်သီးညီလာခံ (Anti-Corruption

Summit) တွင် ပေးထားခဲ့သည့်ကတိများကိုလေးစားရန်လိုသည်။ ပွင့်လင်းမြင်သာမှုအပိုင်းတွင် တိုးတက်မှုများ ဖြစ်ပေါ်စေခဲ့သည့် နိုင်ငံတကာသဘောတူညီချက်ဖြစ်သော EITI သည်လည်းနိုင်ငံစနစ်များအတွင်း တူးဖော်မှုကဏ္ဍစီမံမှုကို လုပ်ငန်းဌာန အဆင့်ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်သည့် အဆင့်ထိလုပ်ငန်းများမြင့်တင်ဆောင်ရွက်ရန်လိုသည်၊ ကုမ္ပဏီများ၏ တာဝန်ခံမှုများ တိုးတက်လာစေရန်လည်း ဆောင်ရွက်ရန်လိုသည်။ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ၊ နိုင်ငံစုံပါဝင်သည့် ဖွံ့ဖြိုးရေးဘဏ်များအနေဖြင့် စာချုပ်စာတမ်းများနှင့် ပေးသွင်းမှုများဖွင့်ပြထုတ်ပြန်ခြင်းအပါအဝင် သယံဇာတဆိုင်ရာ ပွင့်လင်းမြင်သာမှု ကိစ္စရပ်များကို ချေးငွေချထားပေးရန် စဉ်းစားသည့်အခါတွင် ထည့်သွင်းသုံးသပ်ရန်ဆောင်ရွက်သင့်သည်။

## ၆ အချက်အလက်များကို အခြေခံပြီး ပြုပြင်ပြောင်းလဲမှုပြုလုပ်ရန်

အဆင့်သတ်မှတ်ချက်သည် သုတေသနပညာရှင်များ၊ မူဝါဒဆိုင်ရာလေ့လာသူများ၊ မူဝါဒပိုင်ဆိုင်ရာ တိုက်တွန်းမှုပြုသူများ၊ ပြုပြင်ပြောင်းလဲရေးသမားများအနေဖြင့်အခင်းအကျင်းကိုနားလည်နိုင်ရန်၊ ကမ္ဘာတဝှမ်းတွင် ပြုပြင်ပြောင်းလဲမှုများပြုလုပ်နိုင်ရန် အတွက်အသုံးပြုနိုင်သည့် အချက်အလက်များစုစည်းမှုများအနက် တခုဖြစ်သည့် ResourceProjects.org နှင့် ResourceContracts.org တို့တွင်လည်း လေ့လာနိုင်သည်။ အချက်အလက်များဖွင့်ပြရန်တိုက်ပွဲဝင်မှုများကြောင့် ယခင်ကထက် ပွင့်လင်းစွာလေ့လာနိုင်ကြသည်။ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စမှာယင်းအချက်အလက်များ အသုံးပြု၍ မူဝါဒဆိုင်ရာ ဆုံးဖြတ်မှုများ အားကောင်းစေရန်၊ အကျင့်ပျက်လာဘ်စားမှု တိုက်ဖျက်ခြင်းလုပ်ငန်းများ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရန်ဖြစ်သည်။

ထိုသို့ဆောင်ရွက်နိုင်ရန် အစိုးရများ၊ ပညာရှင်အကြံပေးအဖွဲ့များ၊ မီဒီယာများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများသည် ထုတ်ကုန်တန်ဖိုးကွင်းဆက် တောက်လျှောက်ဖြစ်ပေါ်သည့် သယံဇာတနှင့်ဝင်ငွေစီမံမှုအရည်အသွေး၊ ထိရောက်မှုတို့ကို စောင့်ကြည့်တိုင်းတာရမည်။ လုပ်ငန်းဌာနများ၊ မူဝါဒများ၊ လက်တွေ့ဆောင်ရွက်မှုများတိုးတက်လာရန်အတွက် အမှန်တကယ် ဖြစ်ပေါ်နေသည့်အခြေအနေများကို အခြေခံသည့်ဆန်းစစ်မှုများကို အခြေတည်လျက်ပြုပြင်ရေးလုပ်ငန်းများကို ပုံဖော်ရမည်။ သယံဇာတကြွယ်ဝသည့်နိုင်ငံများတွင် တူးဖော်ရေးနှင့် အချက်အလက်များကိုပုံမှန်၊ အချိန်မှန်စုစည်း၊ သုံးသပ်၊ ဖြန့်ဝေမှုများပြုလုပ် ခြင်းကို လုပ်ငန်းဌာနဖွဲ့၍ စနစ်တကျလည်ပတ်ဆောင်ရွက်နိုင်ရန် အားထုတ်မှုများကို ငွေကြေးပံ့ပိုးမှုများ ပြုလုပ်ပေးရမည်။ နိုင်ငံများအနေ ဖြင့်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို လက်တွေ့ဖြစ်ရပ်များအပေါ်နှင့်လိုက်ဖက်ညီသည့် အစီအစဉ်များ အဖြစ်ဖော်ထုတ်နိုင်ရန်အချက်အလက်များကိုအသုံးပြုနိုင်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့်လည်း သယံဇာတကဏ္ဍဆိုင်ရာ အချက်အလက်များဖွင့်ပြထုတ်ပြန်မှုသည် (Open Data Charter Standards) နှင့် အညီဖြစ်ပေါ်နေစေရန် တိုက်တွန်းမှုများ ပြုလုပ်သွားရန်လိုသည်။

# မှတ်စုတို

၁ ဆင်းရဲမွဲတေမှု သတ်မှတ်ချက်သို့ရောက်နေသည့် လူဦးရေစာရင်းကို ၂၀၁၅ ကမ္ဘာ့ဘဏ်ထုတ်ပြန်သည့် စုစုပေါင်းလူဦးရေ အချက်အလက်အတိုင်းအဆင့်သတ်မှတ်ချက်တွင်ပါဝင်သည့် နိုင်ငံများရှိစာရင်းကိုပေါင်းပြီး နိုင်ငံအရေအတွက်ဖြင့် စားကာရရှိလာသည့် အဖြေကို ကမ္ဘာ့ဘဏ်ဆင်းရဲမွဲတေမှု တွက်ချက်သည့် အချိုးအစားဖြစ်သော (World Bank Poverty Headcount Ratio) တရက်လျှင် အမေရိကန်ဒေါ်လာ ၃.၁၀ နှင့်မြောက်ကာ တွက်ချက်ဖော်ထုတ်ထားခြင်း ဖြစ်သည်။ www.resourcernanceindex.org မှ အချက်အလက်များရယူ ပါသည်။

၂ အဆင့်သတ်မှတ်ချက်တွင်ပါဝင်သည့်ရေနံ၊ ဓာတ်ငွေ့၊ တွင်းထွက်ထုတ်လုပ်မှုတွက်ချက်ရာတွင် ၂၀၁၆ ခုနှစ်နိုင်ငံအဆင့် ထုတ်လုပ်မှု အချက်အလက်များကို ၂၀၁၆ ကမ္ဘာလုံးဆိုင်ရာ ထုတ်ကုန်ပမာဏနှင့်စားခြင်းဖြင့် ဖော်ထုတ်သည်။ အချက်အလက်များကို www.resourcegovernanceindex.org မှရယူပါသည်။ ဩစတေးလျ (အနောက်)၊ ကနေဒါ (အယ်လ်ဘာတာ)နှင့် အမေရိကန် (မက္ကဆီကိုပင်လယ်ကွေ့) နယ်မြေများအတွက်မူ ယင်းနယ်မြေများမှ ထွက်ရှိမှုပမာဏကိုသာ တွက်ချက်ဖြင့်ဖြစ်သည်။ သတ္တုတူးဖော်သည့်ကဏ္ဍကို ဆန်းစစ်သည်ဆိုပါက တူးဖော်သည် ထုတ်ကုန်စမျိုးလုံးကို ထည့်သွင်းတွက်ချက်သည်။ ရေနံနှင့်ဓာတ်ငွေ့ကဏ္ဍကို ဆန်းစစ်သည်ဆိုပါက သတ္တုထုတ်ကုန်များကို ထည့်သွင်း တွက်ချက်ခြင်းမပြုပါ။

၃ အဆင့်သတ်မှတ်ချက်ပါ ခေါင်းစဉ်ဖြစ်သော လုပ်ငန်းအဆင်ပြေစွာ ဆောင်ရွက်နိုင်မှုအခြေအနေ (enabling environment) ဟုဆိုရာတွင် ကမ္ဘာအနှံ့ကျင့်သုံးနေသည့် စီမံမှုဆိုင်ရာအညွှန်း ၆ ရပ်(တာဝန်ခံမှုနှင့်ပြည်သူ့အသံ၊ အစိုးရအုပ်ချုပ်မှု ယန္တယားစိုးမိုးမှု၊ စည်းကမ်းသတ်မှတ်ချက်များ၏ အရည်အသွေး၊ တရားဥပဒေစိုးမိုးမှု၊ အကျင့်ပျက် လာဘ်စားမှုထိန်းချုပ်နိုင်မှု၊ နိုင်ငံရေးတည်ငြိမ်မှုနှင့် အကြမ်းဖက်မှု ကင်းစင်မှု) နှင့် အချက်အလက်များရရှိနိုင်မှု ခေါင်းစဉ်ခွဲ အောက်မှ Global Open Data Index၊ Open Data Barometer ၊ Open Data Inventory ပါအချက်အလက်များကို ပေါင်းစပ်အမှတ်ပေးခြင်းဖြစ်သည်။ စီမံမှုဆိုင်ရာအညွှန်း ၆ ခုနှင့်ပတ်သက်ပြီ နည်းစနစ်များကို အသေးစိတ်လေ့လာလိုပါက Daniel Kaufmann, Aart Kraay, and Massimo Mastruzzi တို့၏ The Worldwide Governance Indicators: Methodology and Analytical Issues. World Bank Policy Research Working Paper No.5430. September 2010 ကိုကြည့်ပါ။

၄ Andrew Warner, "Natural Resource Booms in the Modern Era: Is the curse still alive?" International Monetary Fund Working Paper No. 15/237 (2015).

၅ Natural Resource Governance Institute, *Natural Resource Charter* (2014) and Marcartan Humphreys, Jeffrey Sachs and Joseph Stiglitz (editors), *Escaping the Resource Curse* (New York: Columbia University Press, 2007).

၆ International Monetary Fund, *Macroeconomic Policy Frameworks for Resource-rich Developing Countries* (2012), Appendix 1, 48-50.

၇ Natural Resource Governance Institute, *Natural Resource Charter;* and Paul Collier, *The Plundered Planet* (London: Allen Lane, 2010).

၈ မှတ်စု ၁ ကိုကြည့်ပါ။

၉ Warner, "Natural Resource Booms in the Modern Era: Is the curse still alive?"

၁၀ Claire Melamed, Renate Hartwig and Ursula Grant, *Jobs, growth and poverty: what do we know, what don't we know, what should we know?* Overseas Development Institute (2011); Dani Rodrik, *The past, present and future of economic growth,* Global Citizen Foundation, Working Paper 1 (2013); World Bank, *The Growth Report: Strategies for Sustained Growth and Inclusive Development,* Commission on Growth and Development (2008); Margaret S. McMillan and Dani Rodrik "Globalization, structural change and productivity growth" *National Bureau of Economic Research,* Working Paper 17143 (2011).

၁၁ Rabah Arezki, Rick van der Ploeg and Frederik Toscani, "The Shifting Natural Wealth of Nations: The Role of Market Orientation", Oxford Centre for the Analysis of Resource-rich Economies, OxCarre Research Paper 180. (2017).

၁၂ James Cust, David Manley and Giorgia Cecchinato, "Unburnable wealth of nations", *Finance & Development,* Vol. 54, No. 1, (2017).

၁၃ Alexandra Gillies, Marc Guéniat and Lorenz Kummer, *Big Spenders: Swiss Trading Companies, African Oil and the Risks of Opacity,* Natural Resource Governance Institute (2014).

၁၄ Andrew Bauer (editor) *Managing the public trust: How to make natural resource funds work for citizens,* Natural Resource Governance Institute (2014).

၁၅ Patrick R. P. Heller, Paasha Mahdavi and Johannes Schreuder, *Reforming National Oil Companies: Nine Recommendations,* Natural Resource Governance Institute and Columbia Center on Sustainable Investment (2014).

၁၆ Daniel Kaufmann, "Trump should think again on mining transparency law." *Financial Times.* 8 March 2017.

လွတ်လပ်ပြီး အကျိုးအမြတ်မရှာဖွေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော သဘာဝသယံဇာတအရင်းအမြစ် စီမံခန့်ခွဲမှု အကြံပေးအဖွဲ့ (Natural Resource Governance Institute)သည် ပြည်သူများအား မိမိတိုင်းပြည် မှ ထွက်သောရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတွင်းထွက်များကြွယ်ဝမှု၏ အကျိုးကျေးဇူးများကို သိရှိနားလည်စေရန် လက်တွေ့အသုံးချသုတေသနပြုခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ နည်းပညာဆိုင်ရာအကြံ ဉာဏ်ပေးခြင်းနှင့် စည်းရုံးရေးပြုလုပ်ပေးခြင်းဖြင့် ကူညီပေးပါသည်။

ထပ်မံလေ့လာရန် – www.resourcegovernance.org

Natural Resource Governance Institute

Oil, gas and mining for development